# ကြေးမုံ

The Mirror Daily

၁၉၅၇ ‌ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 25 July 2024 ၁၁၅၂၉


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ် ထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်**

# နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မအင်ကြင်းအောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံရေးပါတီ(၂၇)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်** စာမျက်နှာ » ၉

**အလွန်တန်ဖိုးရှိတဲ့ ဘဝလက်ဆောင်** ဆောင်းပါး စာမျက်နှာ » ၁၀

**ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ (တတိယနေ့) ကျင်းပ** စာမျက်နှာ » ၁၁

**ကျောက်ဆည်ခရိုင်၏ နွေစပါးရိတ်သိမ်းမှုနှင့် ဈေးနှုန်းဈေးကွက်** စာမျက်နှာ » ၂၀

ကြေးမုံ

# ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေး ပညာပါရမီ ဖြည့်ဆည်းလှူဒါန်း

ခရစ်တော်မပေါ်မီ ၅၈၉ ခုနှစ်တွင် မြတ်စွာဘုရားပွင့်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင် ပွင့်တော်မူသည့်ကာလမှစ၍ (၄၅)ဝါကာလပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားအတွက် လုံ့လဝီရိယကြီးစွာဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတို့ကို မနေမနား ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်က "ချစ်သား အာနန္ဒာ ငါဘုရား ဟောကြားထားသော ဓမ္မဝိနယခေါ် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်သည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်အခါ သင်တို့၏ဆရာဖြစ်သည်"ဟု မှာကြားတော်မူခဲ့သည်။

ထိုမှာကြားချက်အရ ဓမ္မဝိနယခေါ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များ ထင်ရှားစွာရှိနေသမျှ ကာလပတ်လုံး မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေသည်မည်၏။ သာသနာဟူသည်မှာလည်း ဤ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်ပင်ဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ရှိနေသမျှကာလပတ်လုံး မြတ်စွာဘုရားလည်းရှိနေပြီး သာသနာတော်လည်း တည်ရှိနေမည်ဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ကွယ်ပျောက်ပါက မြတ်စွာဘုရားလည်း ကွယ်ပျောက်ပြီး တရားတော်လည်း ပျောက်ကွယ်မည်ဖြစ်သည်။ သာသနာကွယ်ပျောက်ခြင်းသည် လောကတစ်ခုလုံး အမှောင်အတိ ဖုံးလွှမ်းခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ မြတ်စွာဘုရားရှင်၏ တပည့်သားကောင်း ရဟန်း သံဃာတော်အဆက်ဆက်သည် ဓမ္မဝိနယခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ မညစ်နွမ်းမကွယ်ပျောက်ရန် ကြိုးစားစောင့်ရှောက်လျက်ရှိသည်။ ရှင်မဟာကဿပအစရှိသော သာသနာတော်စောင့် မထေရ်ကြီးတို့သည် သာသနာသမိုင်းတစ်လျှောက်တွင် ပိဋကသုံးပုံဟူသော နှုတ်ကပါဠိတော်များကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း အပိုအလို အဖြည့်အစွက်မရှိ (၆)ကြိမ်တိုင်တိုင် သင်္ဂါယနာတင်၍ အတည်ပြုတော်မူခဲ့သည်။ မထေရ်ကြီးအဆက်ဆက်တို့ သင်္ဂါယနာတင်ခဲ့သော ပိဋကသုံးသွယ် နိကာယ်ငါးရပ်ကို ထေရဝါဒဗုဒ္ဓသာသနာဟု ခေါ်တွင်သည်။

ယခုအခါ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရန် အလို့ငှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ဖွဲ့စည်း၍ သာသနာပြုလုပ်ငန်းအရပ်ရပ်ကို ဆရာ-ဒကာ လက်တွဲညီလျက် ဆက်လက်လုပ်ဆောင်တော်မူသည်။ အထူးသဖြင့် ပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်း၊ အရှည်တည်တံ့မပျက်စီးအောင် ပုံနှိပ်အက္ခရာများကို ကွန်ပျူတာအက္ခရာများအဖြစ် ပြောင်းလဲခြင်း၊ သာသနာ့အာဇာနည်များ ပေါ်ထွန်းလာရန်အတွက် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ပြည်တွင်း ပြည်ပ၊ ပြည်နယ် ပြည်မ သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွား၍ အမျိုးဘာသာသာသနာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဘုရားရှင်ဟောကြားတော်မူခဲ့သော စစ်မှန်သည့် ပရိယတ္တိစာပေများရှိပြီးဖြစ်သည်။ သို့ရာတွင် ပရိယတ္တိစာပေများကို ပို့ချမည့်သူများနှင့် သင်ယူမည့်သူများရှိပါမှ ပရိယတ္တိစာပေသည် အရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ ထို့ကြောင့် ရဟန်းသံဃာများ ပရိယတ္တိစာပေကို မပူမပင်ကြောင့်ကြမဲ့အားထုတ်နိုင်ရန် ဆွမ်း၊ သင်္ကန်းစသည့် ပစ္စည်းလေးပါးများ ပြည့်စုံလုံလောက်စွာထောက်ပံ့ပေးနိုင်ရန် လိုအပ်သည်။ ထို့ကြောင့် ပရိယတ္တိစာပေကို မပူမပင်ကြောင့်ကြမဲ့ အချိန်ပြည့်အားထုတ်နိုင်ရန် လိုအပ်သည့် ပစ္စည်းလေးပါး အထောက်အပံ့တို့ကို ဥပါသကာ၊ ဥပါသိကာများက စေတနာသဒ္ဓါတရားကို လက်ကိုင်ထား၍ ကြိုးစားဆောင်ရွက်သင့်လှသည်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသည့်အတိုင်း ပရိယတ္တိစာသင်သားများအား ပစ္စယာနုဂ္ဂဟဖြင့် ပူဇော်မှုပြုပါက ရဟန်းတို့က တစ်ဖန်ပြန်၍ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်မှုပြုပေလိမ့်မည်။ ရဟန်းတော်များ သွန်သင်ဆုံးမဟောပြသည့်အတိုင်း မှတ်သားလိုက်နာကျင့်သုံးလျှင် လောကကောင်းကျိုးများ ဖြစ်ထွန်းလာပါလိမ့်မည်။

ယခုအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချ၊ စာသင် ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံ ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြတ်စွာဘုရားရှင်၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး မပျောက်မပျက် အရှည်တည်တံ့ ထွန်းကားပြန့်ပွားစေရန်အတွက် ကြိုးပမ်းအားထုတ်တော်မူလျက်ရှိသော မြန်မာနိုင်ငံတစ်ဝန်းရှိပရိယတ္တိတက္ကသိုလ်၊ ပရိယတ္တိစာသင်တိုက်များမှ စာချ၊ စာသင် ရဟန်း သံဃာတော်များ ပညာပါရမီဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်း၍ မြတ်စွာဘုရားရှင် ဟောကြားထားသော ပိဋကတ်တော်များကို တတ်နိုင်သမျှ လှူဒါန်းနိုင်ပါကြောင်း။ ။

# မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးနှင့် စာပေဆုများချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈)ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဗဟိုဦးစီးအဖွဲ့အစည်းအဝေးနှင့်အတူ (၁၁)ကြိမ်မြောက် မဲခေါင်စာပေဆု(၂၀၂၀)နှင့် (၁၂)ကြိမ်မြောက် မဲခေါင်စာပေဆု (၂၀၂၁)တို့တွင် ဆုရရှိခဲ့သည့် စာရေးဆရာ လေးဦးတို့အား ဆုချီးမြှင့်ခြင်းနှင့် အသင်း၏ဒုတိယအကြိမ် စာမူပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကိုပါ ကျင်းပမည်ဖြစ်သည်။

မြို့နယ်စာရေးဆရာအသင်းများမှ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ ဗဟိုဦးစီးအဖွဲ့ဝင်များသည် ဩဂုတ် ၁ ရက်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး၌လည်းကောင်း၊ နယ်မှဗဟိုဦးစီးအဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက် နံနက် ၉ နာရီခွဲမှစ၍ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းကော်မတီသို့ သတင်းပို့ကြရန်ဖြစ်သည်။

ဗဟိုဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ်များကြိုဆိုပွဲနှင့် အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးအတွက် အလှူငွေလှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၈၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသားလေကြောင်း၏ မုတ်သုံရာသီခရီးသွားပြပွဲ(၂၀၂၄) ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာအမျိုးသားလေကြောင်း၏ မုတ်သုံရာသီ ခရီးသွားပြပွဲ-၂၀၂၄ (Myanmar National Airlines Monsoon Travel Fair 2024)ကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Myanmar Plaza Promotion Area တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲ၌ မြန်မာအမျိုးသားလေကြောင်းမှ ပျံသန်းပြေးဆွဲနေသော ပြည်တွင်းလေယာဉ် လက်မှတ်များအား ၁၀ ရာခိုင်နှုန်းလျှော့ဈေး၊ ပြည်ပလေယာဉ် လက်မှတ်များအား ၁၅ ရာခိုင်နှုန်းလျှော့ဈေးနှင့် လက်မှတ် ၁၀ စောင်ဝယ်လျှင် တစ်စောင်လက်ဆောင်ရရှိမည့် Buy 10 Get 1 Free Promotion အစီအစဉ်များ ပေးသွားမည်ဖြစ်ပြီး Lucky Draw အစီအစဉ်အနေဖြင့် ငွေကျပ် ရှစ်သိန်းဖိုးနှင့်အထက် လက်မှတ်ဝယ်ယူသူများအတွက် (ဗလာမပါ) MNA တံဆိပ်ပါရှိသော ကံစမ်းမဲဆုလက်ဆောင်များ၊ ငွေကျပ် သိန်း ၂၀ ဖိုးနှင့်အထက် လက်မှတ်ဝယ်ယူသူများအတွက် အသွား-အပြန် လေယာဉ်လက်မှတ်များကို မဲဖောက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲ၌ မြန်မာအမျိုးသား လေကြောင်းလိုင်း၏ တရားဝင်အရောင်းကိုယ်စားလှယ် ၁၀ ခုတို့က လက်မှတ်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သည်။

**ကိုထက်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၆၂၈ | ၅,၅၂၅,၉၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၅၀၄ | ၁,၇၆၄,၅၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၇၅၀ | ၉,၄၀၉ | ၁၆,၀၉၅,၃၀၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၅၅ | ၁၅၁,၅၀၀ |
| EFR | ၁,၈၀၀ | ၁,၇၅၀ | ၂၄၀ | ၄၂၀,၆၀၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၄၂၉ | ၂,၀၁၆,၈၀၀ |
| MAEX | ၃,၆၅၀ | ၃,၅၀၀ | ၁,၇၅၉ | ၆,၃၀၃,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော် ပညာရေးကျောင်းများမှ အုပ်ချုပ်မှု တာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ဆရာဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကား ပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကအခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်း တစ်ယောက်တွင် ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှု စသည့်စိတ်နေစိတ်ထား အခြေခံကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပုံဖော်ပေးသည့် အရာဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်း ပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ် ထက်မြက် မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

**မူဝါဒချမှတ်ဆောင်ရွက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးချိန်မှစပြီး ပညာရည်မြှင့်တင်ရေးအဖြစ် ကျောင်းနေအရွယ်အားလုံး ပညာသင်ကြားနိုင်ရေးနှင့် KG+9 အထိ မဖြစ်မနေ သင်ကြားရေးကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ KG+9 တက်ရောက် အောင်မြင်သူများ အနေဖြင့်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိရန်အတွက် ခရိုင် ၈၄ ခုတွင် ရှိသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါ အခြေခံပညာအထက်တန်းကျောင်း များတွင် တက်ရောက် အောင်မြင်ပြီးသူများကိုလည်း မိမိတို့ရရှိသည့် သတ်မှတ် အရည်အချင်းပေါ်မူတည်၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အဆင့်မြင့် ပညာရပ်များကို ဆက်လက် ကူးပြောင်း သင်ကြားနိုင်ရေး အတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ အသိပညာနှင့် အတတ်ပညာဟန်ချက်မျှတစွာ စွမ်းရည်မြင့်မားမှုမရှိပါက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်အသီးသီး၌ အားနည်းချက်များ ဖြစ်ပေါ်စေမည်ဖြစ်ပြီး တိုင်းပြည်စည်းလုံးညီညွတ်ရေး အပေါ်ကိုလည်း မလွဲမသွေ သက်ရောက်စေနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တပ်မတော်သားများ အနေဖြင့် သက်ဆိုင်ရာတပ်မတော်ပညာရေးကျောင်းများမှပြီးခဲ့သည့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်မှု ပျမ်းမျှ ၂၄ ဒသမ ၅၈ ရာခိုင်နှုန်းရှိခဲ့ပြီး တပ်မတော် အခြေခံပညာ အထက်တန်းကျောင်းများအနေဖြင့် အောင်မြင်မှုပျမ်းမျှ ၆၀ ဒသမ ၉၄ ရာခိုင်နှုန်း ရှိခဲ့သည်ကို တွေ့ရကြောင်း၊

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လူရည်ချွန်ဆုရရှိသူ မောင်အောင်ဖုန်းပြည့်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်ဝင်းထွဋ်ခေါင်စိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

တပ်မတော်သား သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး ရှိခဲ့သကဲ့သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများ၌ တက်ရောက်ခဲ့သူများအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉၇ ဦး ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။

တပ်မတော်ပညာရေးကျောင်းများ၌ဆိုပါက အမှတ်(၂) ပညာရေးကျောင်းသည် အောင်မြင်မှုပျမ်းမျှ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့သကဲ့သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအနက် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း (စစ်တွေ)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(မင်္ဂလာဒုံ) တို့သည်လည်း အောင်မြင်မှုပျမ်းမျှ ၈၅ ရာခိုင်နှုန်းကျော်အထိ ဖြစ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ အောင်မြင်မှုများနှင့် ဂုဏ်ထူးရသူများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူမိကြောင်းကို ပြောကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မဟေမာန်ဝင့်အောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်သုတစစ်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ထိန်ဝင်း ထူးချွန်ဂုဏ်ထူးရရှိသူ မသက်ထားနွယ်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ထူးချွန်ဂုဏ်ထူးရရှိသူ မသွယ်သွယ်မိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

မိမိတို့နိုင်ငံတွင် ပညာရေးကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရေး ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ပေါ်ပေါက်လာသော်လည်း အခြေခံပညာကဏ္ဍတွင် ပြည်သူလူထုအများစုသည် အစိုးရအခြေခံပညာကျောင်းများ၌ အဓိကတက်ရောက်ပညာသင်ကြား ကြကြောင်း၊ တပ်မတော်သား သား၊ သမီးများသည်လည်း နိုင်ငံ့ဝန်ထမ်းသား၊ သမီးများဖြစ်ကြသဖြင့် နိုင်ငံတော်အစိုးရ၏ အခြေခံပညာကျောင်းများတွင် အလေးထားတက်ရောက်ပညာ သင်ကြားကြရကြောင်း၊ ယခု ထူးချွန်ဆုရသူ အများစုသည် အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားပြီး ထူးချွန်အောင်မြင်ခဲ့ကြသူများဖြစ်ကြောင်း၊ ကိုယ်တိုင်ကြိုးစားအားထုတ်မှုမှ ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ထို့ပြင် နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်များတွင်လည်း တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများ အပါအဝင် အစိုးရအခြေခံပညာ အထက်တန်းကျောင်းများသည် ထိပ်တန်းက ရပ်တည်နေသည်ကို တွေ့ရကြောင်း။

ယင်းတို့ကို ကြည့်ရှုခြင်းအားဖြင့် ပညာသင်ကြားမှု၊ တတ်မြောက်မှုနှင့် ထူးချွန်စွာအောင်မြင်နိုင်မှု အခွင့်အလမ်းတို့သည် ငွေကြေးတတ်နိုင်မှု၊ အရင်းအမြစ်ကြွယ်ဝမှုတို့ အပေါ်ထက် မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ မိဘ၊ ဆရာနှင့် တာဝန်ရှိသူများ၏ အားပေးမှုတို့အပေါ်တွင် အဓိကတည်မှီနေခြင်း ဖြစ်သည်ကို ပြောနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေဖြင့်လည်း တပ်မတော်သားများနှင့် အငြိမ်းစား မိသားစုဝင်များ၏ ပညာရေးကို မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများ ဟူသည့် စတုရန်းပုံစံ ဝိုင်းဝန်းကြိုးပမ်းပေးခြင်းဖြင့် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ သား သမီးတိုင်း၊ ကျောင်းသားတိုင်းကို ကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ ဆရာ ဆရာမများ၏ အနီးကပ်ကြပ်မတ်လေ့ကျင့်ပေးမှုများဖြင့် ကျောင်းအသီးသီးက ကြိုးပမ်းမြှင့်တင်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၆၉ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၈၀၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူး ရရှိသူ စစ်သည် ၁၃ ဦး၊ လူရည်ချွန် ၃၄ ဦးနှင့် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများမှ တာဝန်ရှိသူများကို ထိုက်ထိုက်တန်တန် ဆုပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း၊ အခြား ဂုဏ်ထူးရရှိသူများနှင့် ပညာသင်ဆု ရရှိသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးများကိုလည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ ကျောင်းသား ကျောင်းသူ ၇၈၇ ဦးကို ပညာသင် ထောက်ပံ့ကြေးများပေးခဲ့ကြောင်း၊ ၎င်းတို့အနက် ဆရာဝန်ဘွဲ့ရရှိသူ ၃၈ ဦး၊ အင်ဂျင်နီယာဘွဲ့ရရှိသူ ၃၅ ဦးနှင့် အခြားဘွဲ့ရရှိသူ ၄၁ ဦး ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ အတွေ့အကြုံများရရှိပြီး အနာဂတ်ဘဝ ပုံဖော်သည့်အခါ **စာမျက်နှာ ၅ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့် အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၄ မှ
အကျိုးများစွာပြုစေရန် ရည်ရွယ်၍ ထူးချွန်ကျောင်းသား ကျောင်းသူ ၂၅၇ ဦးကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး ရှစ်ကြိမ်စေလွှတ်ပေးခဲ့ကြောင်း၊ ပြည်ပနိုင်ငံများကို လေ့လာရေးခရီး သွားရောက်ခဲ့သဖြင့် ရရှိခဲ့သည့်အတွေ့အကြုံများကို နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပြန်လည်အသုံးချလုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ကြောင်း။

**ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစွာဖြင့်တည်ဆောက်**

မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ယနေ့အချိန်တွင် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေကြရချိန်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ကြုံတွေ့နေသည့် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိသော်လည်း အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာနိမ့်ပါးသည့် နိုင်ငံများအနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ နေရသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လူတိုင်းအကျုံးဝင်သည့် ပညာရေးမှအစပြုပြီး ခေတ်မီထိရောက်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းအောင်မြင်လာသည်အထိ မိမိတို့အားလုံး စည်းလုံးညီညွတ်ပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် တည်ဆောက်သွားကြရန်လိုကြောင်း။

ထို့ကြောင့် အခမ်းအနားကို တက်ရောက်လာကြသည့် လူငယ်မောင်မယ်တို့ အနေဖြင့်လည်း ဗလငါးတန်ဖွံ့ဖြိုးပြီး နိုင်ငံတော်က အားကိုးအားထား ပြုရသည့် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူးငါးဘာသာနှင့်အထက် အောင်မြင်ခဲ့သူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေး ကျောင်းများ၊ တပ်မတော်အခြေခံပညာ ကျောင်းများနှင့် လူရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ နှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ငါးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တပ်မတော် ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ နှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးတို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ အမှတ်တရ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က အခမ်းအနား တက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်စျာပနအခမ်းအနားကို ဟန်နွိုင်းမြို့ရှိ အမျိုးသားစျာပနခန်းမ၌ ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေသို့ ငွေကျပ် ၅၀ ဘီလီယံနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ် ၁၅၀ ဘီလီယံမှ ငွေကျပ် ၅၀ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၀၀ ဘီလီယံကို ပြန်လည်ကောက်ခံပြီးစီးမှုနှင့် ပေးသွင်းပေးမှု၊ ချေးငွေပြန်လည်ပေးဆပ်ရန် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက် ထည့်သွင်းထုတ်ပြန်ပြီးနောက် ၂၀၂၄ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ချေးငွေပြန်လည်ပေးဆပ်မှု တိုးတက်လာသည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများ ရှင်းလင်းဆွေးနွေးပြီး ကိုဗစ် -၁၉ ရန်ပုံငွေမှ ချေးငွေများသည် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများဖြစ်သဖြင့် မဖြစ်မနေ ပြန်လည်ပေးဆပ်ကြရန် တာဝန်ရှိကြောင်း၊ ချေးငွေသက်တမ်း သုံးနှစ်ကျော်လွန်ပြီး ချေးငွေအရင်းအတိုးများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသည့် ကုမ္ပဏီ/လုပ်ငန်းများနှင့်စပ်လျဉ်း၍ ချေးငွေသက်တမ်းတိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ ပြန်လည်ပေးဆပ်မှုမရှိသူများကို စီမံခန့်ခွဲမှုနည်းလမ်းများ၊ လုပ်ငန်းစဉ်များဖြင့် အမြန်ဆုံးပြန်လည်ရရှိရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ အချိန်စေ့ရောက်တော့မည်ဖြစ်၍ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများမှ အတိုးအရင်း ကောက်ခံရရှိမှု၊ သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့် ချေးငွေဆိုင်ရာစာရင်းဇယားများ တိကျမှန်ကန်ရေးကိစ္စရပ်များကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ချေးငွေပေးဆပ်ရန်ကျန်ရှိသည့် ကုမ္ပဏီ/လုပ်ငန်းများကို ပြန်လည်ပေးဆပ်မှုအဆင့်လိုက် ခွဲခြား၍ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်၊ ချေးငွေအများဆုံး ကျန်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည့်ဒေသများတွင် ကွင်းဆင်းတွေ့ဆုံ၍ ချေးငွေများ အမြန်ပြန်လည်ပေးဆပ်လာစေရေး ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ကော်မတီ၏ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရရှိရေး အစီအစဉ်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့ကို ဆွေးနွေးအကြံပြုတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကိုဗစ် – ၁၉ ချေးငွေများ အမြန်ဆုံး ပြန်လည်ကောက်ခံရရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာမြို့နယ်၌ နွားနှင့် ဆိတ် မေထုန်မဲ့သားစပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် နွားနှင့် ဆိတ် မေထုန်မဲ့သားစပ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄/မတလ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုလယ်ယာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မိတ္ထီလာခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက နွားနှင့် ဆိတ် မေထုန်မဲ့သားစပ်သင်တန်း ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက မိတ္ထီလာခရိုင်တွင် သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်အထိ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအား ပထမအကြိမ်တွင် သင်တန်းသား ၃၀ ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော် (မိတ္ထီလာ)

# ကျိုက်ထိုမြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းများ ပြုလုပ်ပြီးစီး

ကျိုက်ထို ဇူလိုင် ၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော့ထင်းကျေးရွာနှင့် ဘိုရားကြီးကျေးရွာတို့၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ယင်းစီမံကိန်းမှ ရန်ပုံငွေကျပ်သိန်း ၁၅၀ မတည်ပေးပြီး ကျေးရွာ၏လိုအပ်ချက်များကို ဖော်ထုတ်၍ ဦးစားပေးအဆင့်အလိုက် လုပ်ငန်းစီမံကိန်းများကို ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်–တောင်အာရှကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇူလိုင် ၂၄**

(၈)ကြိမ်မြောက် တရုတ်–တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ၊ သီရိလင်္ကာနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ မော်လ်ဒိုက်နိုင်ငံ ဒုတိယလွှတ်တော်ဥက္ကဋ္ဌနှင့် နီပေါနိုင်ငံ ဒုတိယလွှတ်တော်ဥက္ကဋ္ဌတို့ တက်ရောက်အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ ကုန်စည်ပြပွဲကို နှစ်စဉ်ဖိတ်ခေါ် ကျင်းပသည့်အပေါ် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူဦးရေ ၃ ဒသမ ၂ ဘီလီယံ အခြေချနေထိုင်လျက်ရှိသော အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံ၏ အလယ်တွင်ရှိပြီး သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ် ကြွယ်ဝသောအခြေခံကောင်းများရှိကာ အိန္ဒိယသမုဒ္ဒရာတွင် ရှည်လျားသည့်ကမ်းရိုးတန်းပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု အလားအလာ အလွန်ကောင်းမွန်သော နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပေါင်းစပ်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန် ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်–တောင်အာရှကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အဖွဲ့အား တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ပြခန်းပေါင်း ၈၀၀ ကျော်**

အဆိုပါ ကုန်စည်ပြပွဲကို အရှေ့တောင်အာရှ ၁၀ နိုင်ငံနှင့် တောင်အာရှ ရှစ်နိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ပြပွဲကို ဇူလိုင် ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိကာ နိုင်ငံပေါင်း ၈၂ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀၀ ကျော်က ပြခန်းပေါင်း ၈၀၀ ကျော် ပါဝင်ပြသလျက်ရှိသည်။ ကုန်စည်ပြပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင် ၃၇ ဦး၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် ၈၈ ဦးတို့ တက်ရောက်ခဲ့ကြသည်။ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီ ၂၄ ခုက ပြခန်းပေါင်း ၂၆ ခု ပါဝင်ပြသလျက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုန်စည်ပြပွဲရှိ အပြည်ပြည်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားသည့် မြန်မာပြခန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

တရုတ်–တောင်အာရှကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြင့်စေရေးနှင့် ပြည်သူများအကြား ကူးလူးဆက်ဆံမှု ပိုမိုများပြားလာစေရေး ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ကုန်စည်ပြပွဲကို "စည်းလုံးညီညွတ်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိသည်။

**ကြိုဆို**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လိုက်ပါသော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး မန္တလေးမြို့သို့ ရောက်ရှိကြရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန္တလေးကောင်စစ်ဝန်ချုပ်ရုံး ခေတ္တကောင်စစ်ဝန်ချုပ် မစ္စတာ ကျန်းဝေတို့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အထွေထွေညီလာခံတက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၄**

စင်ကာပူသမ္မတနိုင်ငံ Swissotel The Stamford ဟိုတယ်၌ ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် စင်ကာပူ သမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း/ပြင်ပ)မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အောက် သုံးပေခွဲကျော်ခန့် (၁၁၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ သုံးလက်မခန့် (ရှစ်စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

# အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂ ၄၀၆၁၁၁၂၊ ၀၉ ၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁)ဆင်းပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၄**

သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း၌ ကျင်းပသည်။

**ဥပဒေအသိပညာရှိရန် လိုအပ်**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာန လုပ်ငန်းအလိုက် ဥပဒေအသိပညာရှိရန် လိုအပ်သောကြောင့် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းအပြင် အဆင့်မြင့်နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း၊ နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည့်အပြင် မကြာမီ ဥပဒေအသိပညာပြန့်ပွားရေး ဒီပလိုမာသင်တန်းကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှရရှိသည့် ဥပဒေပညာရပ်ဆိုင်ရာ ဗဟုသုတများကို နိုင်ငံတော်နှင့် မိမိတို့ဌာနများအတွက် အကျိုးရှိစွာ အသုံးချနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး သင်တန်းသား ၆၀ ကိုယ်စား သင်တန်းသားကိုယ်စားလှယ်နှစ်ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယခုသင်တန်းသို့ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အထိ အလယ်အလတ်အဆင့် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ ၂၄ ရက် ကြာမြင့်ခဲ့ကြောင်း၊ သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို သိရှိစေခဲ့ပြီး အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သည့် ဥပဒေရေးရာကိစ္စရပ်များ ထည့်သွင်းသင်ကြားခဲ့ကြောင်း၊ ထို့ပြင် ဥပဒေရေးဆွဲရေးအခြေခံ၊ စီးပွားရေး စာချုပ်စာတမ်းများအား စိစစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံ (Legal Instruments)များအကြောင်း၊ အထွေထွေ ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားမမှုစွဲဆိုခြင်းစသည့် ဘာသာရပ်များကို ပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်ရန်အတွက် နှစ်နိုင်ငံ အစိုးရ-ပုဂ္ဂလိက ခရီးသွားမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနေမှု၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေး အစီအစဉ်များကို ရေးဆွဲပြီး အိန္ဒိယနိုင်ငံမှ ခရီးသွားဧည့်သည်များအပြင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များကိုပါ ဖိတ်ခေါ်သွားနိုင်ရေး၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးသွားမြှင့်တင်ရေး ဗီဒီယိုများရိုက်ကူး၍ Social Media များမှ တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အိန္ဒိယနိုင်ငံ ခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ပြီး ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်(FAM-Trip)များ ဖိတ်ခေါ်ဆောင်ရွက်မည့်အစီအစဉ်များ၊ ခရီးသွားဧည့်သည်များ၏ ငွေကြေးလဲလှယ်သုံးစွဲမှု အဆင်ပြေစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးလွင်ဦး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC မှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အကူအညီလိုအပ်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Jan Miskoc တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

# နိုင်ငံရေးပါတီ ( ၂၇ ) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ( ၂၇ ) ပါတီ၏**

**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**

**၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ( ၄ ) ရက်**

**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ( ၂၄ ) ရက်**

၁။ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း အသိပေးထားရှိပြီး ဖြစ်ပါသည်။ ၎င်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ခိုင်မာသောသန္နိဋ္ဌာန်လည်း ဖြစ်ပါသည်။

၂။ လက်ရှိအခြေအနေများအရ နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ စတင်ကျူးကျော်၊ နယ်မြေချဲ့ထွင်၊ စစ်ဆင်တိုက်ခိုက်လာခဲ့ကြသော NUG/CRPH/PDF/MNDAA/TNLA/AA အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA စာချုပ်အား သွေဖည်၊ ချိုးဖောက်သွားကြသည့် လက်နက်ကိုင်အဖွဲ့အစည်းအချို့တို့နှင့် ၎င်းတို့အား နည်းလမ်းမျိုးစုံဖြင့် ပူးပေါင်း၊ ကူညီ၊ အားပေး၊ ထောက်ပံ့နေကြသော ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်/အဖွဲ့အစည်းအချို့တို့သည် ဒို့တာဝန်အရေးသုံးပါးကို ဖျက်ဆီးနေကြသူများဖြစ်ကြပြီး အောက်ပါလုပ်ရပ်များကို ဆက်လက်ကျူးလွန်နေကြဆဲဖြစ်ပါသည် –

(က) ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကလေးသူငယ်များအား ဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်း။

( ခ ) နိုင်ငံပိုင်/ ပုဂ္ဂလိကပိုင် အဆောက်အအုံများအား နည်းလမ်းမျိုးစုံဖြင့် ဖျက်ဆီးခြင်း။

( ဂ ) အပြစ်မဲ့ပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ပြု၍ တိုက်ခိုက်ခြင်း။

(ဃ) မြို့ကြီးများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်းသို့ လက်နက်ကြီး/ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း။

( င ) အရွယ်မရောက်သေးသည့် လူငယ်များအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် လက်နက်စွဲကိုင်တိုက်ပွဲဝင်စေခြင်း။

( စ ) နယ်မြေတစ်ခုတည်း၌ နှစ်ကာလကြာရှည်စွာ အတူတကွနေထိုင်ခဲ့ကြသည့် လူမျိုးမတူသော အခြားတိုင်းရင်းသားမျိုးနွယ်စုများအား မူလနေရပ်ဒေသများမှ အတင်းအဓမ္မ စွန့်ခွာစေခြင်း။

(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် )၊ ပြည်တွင်းတည်ဆဲဥပဒေများနှင့် နိုင်ငံတကာဥပဒေများအား ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့ခြင်း။

၃။ အထက်ပါ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများအနေဖြင့် အလုပ်အကိုင်နှင့်ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးရခြင်း၊ စားဝတ်နေရေး ကျပ်တည်းလာခြင်း၊ လူငယ်များပညာသင်ကြားနိုင်ခွင့်များ ဆုံးရှုံးရခြင်း၊ အခြေပြုရာ မူရင်းဒေသများကို စွန့်ခွာခဲ့ရခြင်းတို့အပြင် အနာဂတ်မျှော်လင့်ချက်များ အားလုံး ဆိတ်သုဉ်းကွယ်ပျောက်ခဲ့ရပြီး ပြည်သူလူထု၏ မူလအခွင့်အရေးများ ပိတ်ဆို့ထားသကဲ့သို့ ခံစားနေရသဖြင့် အမြန်ဆုံးလွတ်မြောက်ရန် လိုအပ်မည်ဟု ရှုမြင်ပါသည်။

၄။ နိုင်ငံတော်အစိုးရ၏ ၂၀၂၅ ခုနှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် ပြင်ဆင်နေမှုအား အကြမ်းဖက်မှုကို လက်မခံကြသည့် သန်းပေါင်းများစွာသောပြည်သူများကို ကိုယ်စားပြု၍ မိမိတို့ နိုင်ငံရေးပါတီများက အပြည့်အဝ ထောက်ခံကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ မြန်မာ့မြေပေါ်မှ အကြမ်းဖက်မှုလုပ်ငန်းစဉ်များ ချုပ်ငြိမ်းစေရေးတို့အတွက် မိမိတို့ နိုင်ငံရေးပါတီများက နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေသည့်သတင်းစကားသည် နိုင်ငံတော်အတွက် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သော ဒီမိုကရေစီနည်းလမ်းတကျ အစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ခြင်းဖြစ်၍ ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများအတွက် ထွက်ပေါက်မဟုတ်ဘဲ နိုင်ငံရေးပါတီများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အကောင်းမွန်အချောမွေ့ဆုံး ထွက်ပေါက်လမ်းကြောင်းတစ်ခုဖြစ်သည်ဟု ယုံကြည်လက်ခံပါကြောင်း အောက်တွင် လက်မှတ်ရေးထိုး ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်အပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၆။ | ဦးနိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၇။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၈။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ရူမီး အမျိုးသားပါတီ | |
| ၁၉။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၀။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၁။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၂။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၃။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၄။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၅။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

# အလွန်တန်ဖိုးရှိတဲ့ဘဝ လက်ဆောင်

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

ကျွန်တော်တို့ရဲ့ဘဝထဲမှာလည်းကောင်း၊ လူမှုကိစ္စအဝဝမှာလည်းကောင်း မကောင်းတာတွေ ခြစားတာတွေနဲ့ မပြီးမပြတ်ဖြစ်နေတဲ့ကိစ္စတွေကို ပစ်မှတ် (Focus) အဖြစ် ကြည့်မြင်ကြလေ့ရှိပါတယ်။ ဘယ်လိုကိစ္စတွေကို ဆောင်ရွက်ပြီးပြီလဲ၊ ကောင်းတာတွေနဲ့ မြင့်မြတ်တဲ့ကိုယ်ကျင့်တရားနဲ့ စိတ်ထား၊ ဒုက္ခဖိစီးမှုစည်းကို ဖြေလျှော့ခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်လာမှုတွေကို ပိုအာရုံထားကြရမှာ မဟုတ်ဘူးလား။

လူယဉ်ကျေးတွေဟာ လူ့ဘဝယန္တရားကြီးကို ကြည့်တဲ့အခါ အလွန်တရာလှပတဲ့ မျက်မှန်နဲ့ မကြည့်သလို မျက်မှန်မည်းကြီးနဲ့လည်း ကြည့်လေ့မရှိဘူးလို့ဆိုပါတယ်။ သူတို့ရဲ့ဆန္ဒ၊ မျှော်လင့်ချက်နဲ့ စိုးရိမ်ပူပန်မှုတွေကို ကျော်လွန်ပြီး သမ္မာဒိဋ္ဌိရှိရှိ ကြည့်တတ်မြင်တတ်တယ်လို့ ဆိုပါတယ်။

**အပေါင်းလက္ခဏာနဲ့ချဉ်းကပ်**

ပတ်ဝန်းကျင်မှာရှိသူတွေနဲ့ မှန်ကန်တဲ့ ဆက်ဆံပေါင်းသင်းမှုဟာ ခင်ဗျားကို အံ့မခန်းလောက်အောင် ထူးခြားမှုကြီးတွေ ရလာပါလိမ့်မယ်။ ခင်ဗျားရဲ့မျှော်လင့်ချက် အခွင့်အလမ်းတွေဟာလည်း အကောင်အထည်ဖြစ်လာပါလိမ့်မယ်။ အနုတ်လက္ခဏာနဲ့ အဆိပ်အတောက်တွေဟာ ခင်ဗျားကို ခြံရံလာပြီဆိုရင် သူတို့အဆင့်ကိုရောက်အောင် ဆွဲချပါလိမ့်မယ်။ ငွေလဲကုန်မယ်။ ဝမ်းနည်းပက်လက်ဖြစ်ရတဲ့အထိ မြောင်းထဲရောက်အောင် တွန်းချလိမ့်မယ်ဆိုတာ သိထားစေချင်ပါတယ်။ မကောင်းမြင်ဝါဒီဆိုတာ အခြားသူတစ်ပါးရဲ့ နှမ်းစေ့မျှရှိသော အပြစ်ကိုမြင်တတ်ကြသော်လည်း၊ အုန်းသီးမျှရှိသော မိမိရဲ့အပြစ်ကို ဘယ်သောအခါမှ မြင်လေ့မရှိ။ ထူးချွန်ထက်မြက်တဲ့ဘဝကို အပေါင်းလက္ခဏာနဲ့ ချဉ်းကပ်ရင် ခင်ဗျားဖြစ်ချင်တာတွေ ဖြစ်လာနိုင်ပါတယ်။

တကယ်တော့ လူတစ်ဦးစီမှာ ပင်ကိုအရည်အသွေးတွေရှိနေပါလျက်နဲ့ ယခင်က မစမ်းသပ်ကြည့်ပေးလို့ပဲ ဖြစ်ပါတယ်။ ဘဝဟာ အလွန်တန်ဖိုးရှိတဲ့ လက်ဆောင်ကြီးတစ်ခုဖြစ်ပါတယ်။ အသစ်အဆန်းတွေကို ပင်ကိုအရည်အသွေးတွေနဲ့ လုပ်ကြည့်လိုက်ရင် ခင်ဗျားဟာ လူတစ်လုံးသူတစ်လုံးဖြစ်လာပါလိမ့်မယ်။ ပင်ကိုအရည်အသွေးတွေသေနေပြီဆိုရင် ခင်ဗျားဟာ အကြီးမားဆုံး ဆုံးရှုံးသူဖြစ်သွားပါလိမ့်မယ်။ သံဟာမသုံးရင် သံချေးတက်ဆိုသလို တုံဏှိဘာဝေနေခြင်းဟာလည်း ပညာရှိအမြော်အမြင်ကို ပျက်သုဉ်းစေလိမ့်မယ်။

လူ့ဘဝမှာ ပျော်ပျော်ရွှင်ရွှင်နေတတ်သူတွေဟာ မဇ္ဈိမပဋိပဒါ၊ အစွန်းတရားကင်းတဲ့သူတွေဖြစ်ပါတယ်။ အခက်အခဲ ပြဿနာတွေကြုံလာတဲ့အခါမှာတောင် စိတ်အေးလက်အေးထား၊ အလုပ်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ ထမ်းရွက်ခြင်းဖြင့် လူ့ဘဝကို တည်ထောင်ကြတာဖြစ်တယ်လို့ ဆိုပါတယ်။ တစ်ခါက ကမ္ဘာ့စိတ်အေးချမ်းမှုရှိတဲ့ နိုင်ငံတွေအကြောင်း ဖတ်တဲ့အခါ နယ်သာလန်နိုင်ငံဖြစ်နေကြောင်း တွေ့ရပါတယ်။

ချမ်းသာတဲ့နိုင်ငံတွေမှာလည်း ပြဿနာတွေ ရှိတာတွေ့ရပါတယ်။ ကမ္ဘာ့အကြောင်း ဆည်းပူးသူတွေဟာ ဒါကိုတွေ့မှာ ဖြစ်ပါတယ်။ လူငယ်တွေ စာတတ်မှ၊ ပညာတတ်မှ၊ အရည်အချင်းပြည့်ဝနေမှ သူတို့ရဲ့အနာဂတ်ဟာ ရှင်သန်ရပ်တည်နိုင်မယ်။ လူတော်ရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒါနဲ့တင် မလုံလောက်သေးပါဘူး။ စိတ်ကောင်း စေတနာကောင်း၊ ထူးချွန်ထက်မြက်တဲ့ ပင်ကိုအရည်အသွေး၊ နိုင်ငံကြီးသားစိတ်ဓာတ်ရှိပြီဆိုရင်တော့ လူကောင်းဖြစ်လာပြီဆိုရင် သူတို့ရဲ့အနာဂတ်ကို ကောင်းစွာတည်ဆောက်နိုင်လိမ့်မယ်။

ပျော်ရွှင်တဲ့လူအများစုမှာ အံ့သြလောက်အောင် ကောင်းတဲ့အရည်အချင်းတစ်ခုဟာ လူ့ဘဝရဲ့ ကောင်းခြင်း ကြံ့အင်လက္ခဏာတွေ မြတ်နိုးတန်ဖိုးထားတတ်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ နံနက်ခင်းမှာ သတင်းစာဖတ်၊ အလုပ်သွားရင်း သတင်းစာချိုင်းအောက်ထား၊ ရထားကားစီးပြီး အလုပ်ဆင်းကြတယ်၊ အိမ်မှာကျန်ရစ်သူ မိသားစုတို့ကလည်း အိမ်မှုတာဝန်ထမ်းဆောင်မယ်၊ သူငယ်ချင်း မိတ်ဆွေတွေဆီ လည်ကြမယ်။ ရံဖန်ရံခါ ညစာစားပွဲလေးလုပ်ကြမယ်။ သဘာဝတရားကြီးကပေးတဲ့ နေရောင်ခြည်၊ ရေမြေ၊ တောတောင်အောက်မှာ ခံစား စံစားရင်း အလှအပတွေကို ခံစား စံစားကြပါတယ်။ ဒါတွေက ဘဝရဲ့ပျော်ရွှင်မှုအရင်းအမြစ်ပဲ ဖြစ်ပါတယ်။

> **“ကျွန်တော်ဟာ ဒေါသတွေ၊ အမုန်းတရားတွေ၊ ရန်ငြိုးတွေ၊ ခါးသီးရှုံ့မုန်းတဲ့စိတ်တွေ ကိုယ့်စိတ်ထဲမှာ ထုတ်နေရင် ဒီမကောင်းစိတ်တွေရဲ့ ပထမဦးဆုံးသားကောင်ဟာ ကိုယ်ပါပဲ။ ရှေးဦးစွာ ကိုယ့်ကို အန္တရာယ်ပြုနေပါပြီ။ ပြီးရင်အခြားသူကို အန္တရာယ်ပြုဖို့ဖြစ်လာပါပြီ။ ဒါဟာ သဘာဝတရားကြီးရဲ့ ဥပဒေသပဲဖြစ်ပါတယ်။ ဒီဥပဒေသဟာ တစ်ဦးတစ်ယောက်အတွက်သာမက အားလုံးအတွက် အသုံးပြုလို့ရတဲ့ ဥပဒေသဖြစ်ပါတယ်။ ဒီအကုသိုလ်စိတ်တွေကို မိမိစိတ်ထဲမှာ ထိန်းသိမ်းလေ့မရှိ။ အခြားသူတို့ထံ လွှဲပြောင်းပစ်လေ့ရှိတယ်။ ဒါကြောင့် ထိုသူတို့ဟာလည်း ဆောက်တည်ရာမရ ဖြစ်လေတော့တယ်”**

**“အနတ္တဝါဒ”ကို ကျင့်သုံးဖို့ ဟောကြား**

ဘဒ္ဒကမ္ဘာမှာ – ဂေါတမမြတ်စွာဘုရားဟာ ဘီစီ ၅၆၃ မှာ သစ္စာလေးပါး (The Four Noble Truth) ကို ဆရာတစ်ဆူ တွေ့ရှိတော်မူခဲ့ပါတယ်။ ဒုက္ခအပေါင်းက ကင်းဝေးရာမှာ မဂ္ဂင်ရှစ်ပါးနည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ တကယ်တော့ သံသရာက လွတ်ကင်းစေတဲ့ တရားဓမ္မဖြစ်ပါတယ်။ ဗုဒ္ဓက သာယာဝပြောတဲ့ အိန္ဒိယပြည်ကြီးမှာ လူတို့ဟာ လောကစည်းစိမ်မှာ နစ်မြောမနေကြဘဲ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းကြဖို့ ဟောကြားခဲ့ပါတယ်။ ရိုးရာရှိရင်းစွဲဖြစ်တဲ့ “အတ္တဝါဒ” ကို စွန့်လွှတ်လျက် အယူအဆသစ်ဖြစ်တဲ့ “အနတ္တဝါဒ” ကို ကျင့်သုံးဖို့ ဟောကြားတော်မူခဲ့ပါတယ်။

နောက်ဆုံးဘီစီ ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ ဂျီးစပ်ခရိုက် (Jesus Christ) ကို ဖွားမြင်တော်မူခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀၀ ကျော်လောက်က မိုဟာမက် (Mohamad) ဆိုတဲ့ ဘာသာရေးပုဂ္ဂိုလ်ထူးတွေဟာ လူသားတို့ကောင်းကျိုးအတွက်၊ တရားဓမ္မတွေနဲ့ ကိုယ်ကျင့်တရားတွေကို ပြခဲ့ကြပါတယ်။ ဒီဘာသာတရားကြီးသုံးခုဟာ လူသားတို့ ကိုးကွယ်ယုံကြည်ရာဖြစ်ခဲ့တယ်။ လူသားကိုထပ်ဆင့်ပြီး စိတ်ပိုင်း ဝိညာဉ်ပိုင်းတွေအထိ သိမြင်ခံစားလာတဲ့ကိစ္စဟာ အလွန်တရာမှ အံ့သြစရာကောင်းတဲ့ သဘာဝရဲ့ လက်ဆောင်လို့ ဆိုရလောက်အောင် လူ့ယဉ်ကျေးမှုကြီးဟာ ပေါ်ပေါက်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။

လူရယ်လို့ အထွတ်အထိပ်ဖြစ်တည်ရာ သက်ရှိဘဝရှိလာတဲ့လူဟာ မအို၊ မနာ၊ မသေဆိုတဲ့ သုခမျိုး မရနိုင်သေးပါဘူး။ သက်ရှိဘဝဖြစ်တည်ရာမှာ မအို၊ မနာ၊ မသေဆိုတဲ့ ဘဝမရှိပါဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ အသီးသီးဟာ ဘဝဖြစ်စဉ်ထဲက အစိတ်အပိုင်းတွေပဲ။

**လောဘ၊ ဒေါသ၊ မောဟရဲ့ ဇာစ်မြစ်**
**လျှော့ပါးကင်းရှင်းချုပ်ငြိမ်းရာ တရားဓမ္မ**

လူ့သက်တမ်းရဲ့အဆုံးမှာ သေခြင်းတရားဟာ အဆုံးစွန်ဒုက္ခပဲ။ “Death is a misery” လို့ နားလည်ကြပြီဆိုသော်လည်း သေခြင်းတရားရဲ့ဟိုဘက်ကမ်းမှာ ထင်ထင်ရှားရှား မသိနိုင်လောက်အောင် လူသားတို့ရဲ့ လွန်ကဲလှတဲ့ လောဘမထိန်းနိုင်တဲ့ဒေါသနဲ့ စိုးစဉ်းမျှကို မသိလိုက်ဘဲဖြစ်တဲ့ မောဟတွေဟာလည်း အတောမသတ်ဘဲ ဘဝနဲ့အတူ ဒွန်တွဲပါနေပါတယ်။ လောဘ၊ ဒေါသ၊ မောဟရဲ့ ဇာစ်မြစ်၊ ဒါတွေ လျှော့ပါးကင်းရှင်းချုပ်ငြိမ်းရာ တရားဓမ္မကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဟောကြားခဲ့ပါတယ်။

ဒုက္ခအပေါင်းက ကင်းဝေးရာ မဂ္ဂသစ္စာကို ဟောကြားတော်မူခဲ့ပါတယ်။ စိတ်မှာ ပြင်းထန်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ဟာ ပုထုဇဉ်လူသားတို့အား ဒုက္ခပေးတတ်ပါတယ်။ နေ့စဉ်နေ့တိုင်း နံနက်ခင်းအိပ်ရာက ထတာနဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ဒိဋ္ဌိတို့ကို သယ်ဆောင်မိပြီဆိုရင် သင့်ရဲ့ တစ်နေ့တာဘဝက သင့်ကို လေးလံစွာဖိစီးနေပါလိမ့်မယ်။ လောဘ၊ ဒေါသနဲ့ မောဟကင်းစင်အောင် ကျင့်ကြံအားထုတ်ရမယ့်ကိစ္စဟာ လူတစ်ဦးချင်းဘဝရဲ့ အစိတ်အပိုင်းကြီးတစ်ခုပဲ။ ကျွန်ုပ်တို့ လူသားတို့က ကျင့်ကြံဖို့ပဲဖြစ်ပါတယ်။

**“ကျွန်တော့်စိတ်တွေ ရှုပ်ထွေးညစ်ညမ်းနေရင် ဒေါသတွေ အမုန်းတရားတွေ ရန်ငြိုးထား၊ အခဲမကျေ၊ ခါးခါးသီးသီး ရှုံ့မုန်းတဲ့စိတ်တွေနဲ့ ပြည့်နေရင် ဒီကမ္ဘာကြီးကိုငြိမ်းချမ်းမှုဘယ်သို့ပေးနိုင်အံ့နည်း။”** ဒါကြောင့် မြတ်ဗုဒ္ဓက **“သင့်ရဲ့ ကိုယ်စိတ်ထဲမှာ ငြိမ်းချမ်းမှုကို ပထမရှာဖွေပါ။ သင့်ကိုယ်သင် သိအောင်လုပ်ပါလို့ မြွက်ကြားခဲ့ပါတယ်။”** လို့ ဆရာကြီး (S.N. Goenka) အက်စ်အင်ဂိုအင်ကာက ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၂၉ ရက်နေ့ ကုလသမဂ္ဂဘာသာပေါင်းစုံညီလာခံမှာ အဲဒီလို ပြောခဲ့ပါတယ်။

**“ကျွန်တော်ဟာ ဒေါသတွေ၊ အမုန်းတရားတွေ၊ ရန်ငြိုးတွေ၊ ခါးသီးရှုံ့မုန်းတဲ့စိတ်တွေ ကိုယ့်စိတ်ထဲမှာ ထုတ်နေရင် ဒီမကောင်းစိတ်တွေရဲ့ ပထမဦးဆုံး သားကောင်ဟာ ကိုယ်ပါပဲ။ ရှေးဦးစွာ ကိုယ့်ကို အန္တရာယ်ပြုနေပါပြီ။ ပြီးရင်အခြားသူကို အန္တရာယ်ပြုဖို့ဖြစ်လာပါပြီ။ ဒါဟာ သဘာဝတရားကြီးရဲ့ ဥပဒေသပဲဖြစ်ပါတယ်။ ဒီဥပဒေသဟာ တစ်ဦးတစ်ယောက်အတွက်သာမက အားလုံးအတွက် အသုံးပြုလို့ရတဲ့ ဥပဒေသဖြစ်ပါတယ်။ ဒီအကုသိုလ်စိတ်တွေကို မိမိစိတ်ထဲမှာ ထိန်းသိမ်းလေ့မရှိ။ အခြားသူတို့ထံ လွှဲပြောင်းပစ်လေ့ရှိတယ်။ ဒါကြောင့် ထိုသူတို့ဟာလည်း ဆောက်တည်ရာမရ ဖြစ်လေတော့တယ်။”** ဟု ဆရာကြီး ဂိုအင်ကာက ဆက်လက်ရှင်းလင်း တင်ပြခဲ့ပါတယ်။

**ဖြဟ္မစိုရ်တရား လက်ကိုင်ထား**

လူဟာ မွေးဖွားလာပြီး ဘဝရလာပြီဆိုကတည်းက ဒုက္ခအပေါင်းနဲ့ ကြုံရဆုံရဖို့ရှိတယ်လို့ တွေးလိုက်ပါ။ လူ့ဘဝရောက်လာပြီဆိုတာနဲ့ ဒုက္ခပင်လယ်တွေဝေနေတဲ့အထဲ တဝဲလည်လည်ပဲ။ ဖြစ်ချင်တာတွေ မဖြစ်နိုင်သလို မဖြစ်ချင်တာတွေ ဖြစ်ခြင်းဟာလည်း လူ့ရဲ့ပကတိ သဘာဝလက္ခဏာပါပဲ။ လောကကြီးမှာ မကျေနပ်စရာတွေ ရှိနေတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခန္ဓာငါးပါးဟာ အမြဲအလုပ်လုပ်နေကြလို့ပဲ။ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို မထမ်းချင်ဘဲလည်း ထမ်းရမှာပဲဖြစ်ပါတယ်။ သို့သော် ဖြဟ္မစိုရ်တရား လက်ကိုင်ထားကြရင် ပေါ့ပါးပါလိမ့်မယ်။ လောဘ၊ ဒေါသ၊ မောဟနည်းရင် ပေါ့ပါးပါလိမ့်မယ်။ လူဟာ ဘုရားဖူးတွေဖြစ်ကြပါတယ်။ တရားထူး တရားမြတ်တွေ တွေ့တဲ့သူတွေရှိသလို သံသရာမှာ လည်ကြဦးမယ့်သူတွေဟာလည်း နည်းမယ်မထင်။

သေသည်၏ ဟိုဘက်ကမ်းကို မြင်နိုင်တဲ့ ဦးနှောက်၊ သိနိုင်တဲ့ဦးနှောက်ကို သဘာဝတရားကြီးက မဖန်တီးခဲ့ပါဘူး။ ရနံ့သင်းတဲ့ ပန်းအလှတွေဝေနေတဲ့ ပန်းမန်တို့မှာ ဝိညာဉ်ရေးရာကိစ္စတွေကို သဘာဝတရားကြီးက ထည့်မပေးလိုက်ဘူးဆိုတဲ့ သဘောမျိုးလိုပါပဲ။ သဘာဝတရားကြီးက ဒီဘဝရဲ့ အတိတ်၊ ဥပမာ နှစ် ၆၀၊ ၇၀ က အတိတ်ကို ပြန်လည်မှတ်မိနိုင်တဲ့ ဦးနှောက်ကို ဖန်တီးပေးထားပေမယ့် ရှေးရှေးဘဝအဆက်ဆက်က အတိတ်ကိုတော့ မသိနိုင်ရှာတဲ့ဦးနှောက်၊ သေခြင်းရဲ့တခြားဘက်မှာ ဘာတွေဘယ်လိုဆိုတာ ဂဃနဏ မသိနိုင်တဲ့ ဦးနှောက်မျိုးကို တမင်ဖန်တီးထားလေရော့လား၊ စဉ်းစားစရာပင်။

ဒီတစ်ဘဝမှာ မနက်ဖြန် သဘက် ဘာတွေဘယ်လိုဆိုတာ၊ အိုမလား၊ နာမလား၊ သေမလား၊ ကပ်ကြီးသုံးပါး၊ ရန်သူမျိုးငါးပါးနဲ့ ကြုံရမလားဆိုတာ ကြိုတင်သိနိုင်တဲ့ ဦးနှောက်မျိုးဖြစ်ခဲ့ရင်၊ လူ့လောကကြီးဟာ စိတ်အေးချမ်းစွာ နေနိုင်ပါ့မလားဆိုတာ တွေးတောစရာကြီးပဲ ဖြစ်ပါတယ်။ ရှေးရှေးအတိတ်ကိုမစဉ်းစားနိုင်အောင် လောဘ၊ ဒေါသ၊ မောဟတို့က ဖုံးကွယ်ထားသလို နောက်တစ်နေ့၊ နောက်တစ်နာရီမှာတောင် ဘယ်လိုဘယ်ပုံဖြစ်မလဲဆိုတာကို ကြိုတင်မသိနိုင်အောင်လည်း ဖုံးကွယ်ထားနေတဲ့ သဘောပဲလား၊ လားပေါင်းများစွာ စဉ်းစားစရာတွေ ချည်းပါပဲ။

လောဘ၊ ဒေါသ၊ မောဟတို့အပြင် မာန၊ မစ္ဆရိယ၊ ဒိဋ္ဌိ ဆိုတဲ့ စေတသိက်တွေက လူ့စိတ်ကို မသန့်စင်အောင် လွှံ့ဆော်တတ်ကြရာ သံသရာကို မသိနိုင်အောင်သာမက ဒီဘဝကို ကြိုတင်မြင်နိုင်ဖို့ ခဲယဉ်းနေပါတော့တယ်။ ။

# ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ (တတိယနေ့) ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ(တတိယနေ့)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပသည်။

ယနေ့ ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများ ကျောင်းဥပဓိရုပ်ကောင်းမွန်ရန် အလေးထားဆောင်ရွက်ရေး၊ စာသင်ကျောင်းများ၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာ အရည်အသွေး တိုးတက်ရန်အတွက် အမြဲကြိုးစားအားထုတ် ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသများတွင် တာဝန်ကျေပွန်အောင် ကြိုးစားဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်းတို့က ဒေသဆိုင်ရာ ကိုယ်ပိုင်ကျောင်းများ ကြီးကြပ်ရေးအဖွဲ့များ၏ စိစစ်ထောက်ခံမှုအရ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ခွင့်ပြု အခြေအနေများကိုလည်းကောင်း၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများက တွေ့ကြုံရသည် အခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ တက္ကသိုလ်အလိုက် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းစဉ်များ ကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဆေးပညာဘာသာရပ်တွင် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့က ကြီးမှူးကျင်းပသည့် ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ)အောင်မြင်ပြီး ဆေးပညာဘာသာရပ်တွင် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာန ဆေးတက္ကသိုလ်(၁)၌ ကျင်းပသည်။




အခမ်းအနားတွင် ဆေးတက္ကသိုလ် (၁)ရန်ကုန် ဒုတိယပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့ ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့မှ တာဝန်ရှိသူက ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ အလှူငွေများ ပေးအပ်၍ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ တပ်မတော်ဆေးတက္ကသိုလ်၊ ဆေးတက္ကသိုလ် (မကွေး)၊ဆေးတက္ကသိုလ် (တောင်ကြီး)တို့မှ ဆေးပညာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၄၇ ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့အနေဖြင့်ဆေးပညာဘာသာရပ်တွင် ဂုဏ်ထူးရရှိသည့် ကျောင်းသားများကို နှစ်စဉ်ဂုဏ်ပြု ချီးမြှင့်ခဲ့သည်မှာ ၁၀ နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ဆေးပညာရပ်တွင် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ဆရာဝန်များကို ဂုဏ်ပြုချီးမြှင့်ခြင်းအားဖြင့် ယခုထက်ပိုမိုကြိုးစားချင်စိတ် ရှိလာစေရန်နှင့် အရည်အသွေး ပြည့်ဝပြီး နိုင်ငံတော်နှင့် ပြည်သူက အားကိုးရသည့် မျိုးဆက်သစ် ဆရာဝန်များ ပေါ်ထွက်လာစေရန် ရည်ရွယ် ကျင်းပပေးခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရိုင်အဆင့် အခြေခံကဗျာလွတ် (ပထမဆင့်) ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခရိုင်အဆင့် မြန်မာ့အက အခြေခံကဗျာလွတ် (ပထမဆင့်) ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း(စက်၊စိုက်၊မွေး)၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါက်တာ သင်းမာလာက ပြိုင်ပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်အတွင်းရှိ အင်းစိန်၊ လှိုင်သာယာ (အရှေ့ပိုင်း)နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကိုယ်စားပြုအသင်းများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အင်းစိန်မြို့နယ်က ပထမ၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်က ဒုတိယနှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်က တတိယအဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အဆင့်အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**လေးမျက်နှာ ဇူလိုင် ၂၄**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အဆင့်အောင်ချက် အကောင်းဆုံးကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။



ဦးစွာ ဟသ်ာတခရိုင် ပညာရေးမှူးရုံး ခရိုင်ပညာရေးမှူး ဦးတိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ငွေဌေးက ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ခရိုင် ပညာရေးမှူး ဦးတိုးဝင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ချိုချိုခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းထိုက်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ငွေဌေးတို့က တက္ကသိုလ်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး အထက သုံးကျောင်း၊ အထကခွဲ သုံးကျောင်းနှင့် လေးဘာသာဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူ လေးဦးတို့အား ဆုချီးမြှင့်ပြီး မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ထူးရရှိအောင် သင်ကြားပြသခဲ့သော ဆရာ ဆရာမများနှင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးခဲ့သည်။

**မိုးသက်ကို(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ အခြေခံအိမ်သုံးလျှပ်စစ်ပစ္စည်း ပြုပြင်နည်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံအိမ်သုံးလျှပ်စစ်ပစ္စည်း ပြုပြင်နည်းသင်တန်းကို ဇူလိုင် ၂၄ ရက်က မှော်ဘီမြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ဝင်ငွေတိုးရေး စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လိုအပ်သော စက်ပစ္စည်းများ ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မှော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းက သင်တန်းသားများ(ကိုယ်စား) သင်တန်းသားတစ်ဦးအား သင်တန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် အခြေခံအိမ်သုံးလျှပ်စစ်ပစ္စည်းပြုပြင်နည်းများကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၅ ရက်ကြာ၊ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည် ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ပြည်တွင်းအလုပ်အကိုင် ၁၄၉၁ ဦးအတွက် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများ အတည်ပြုပေး



ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ဟိုတယ်ဝန်ဆောင်မှုကဏ္ဍတွင် ရခိုင်နုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုတို့ကို အတည်ပြုပေးပြီး အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ CMP စနစ်ဖြင့် wearing apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ် သန်း ၁၂၁၀ နှင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၀၄ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၁၄၉၁ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းနှင့် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၄ ခု၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးရဲတင့် နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံနှင့် အထက်မြန်မာပြည် ပုံနှိပ်စက်ရုံတို့ ကြည့်ရှုစစ်ဆေး

မန္တလေး ဇူလိုင် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့က အထက်မြန်မာပြည် ပုံနှိပ်စက်ရုံ(မန္တလေး)ကို ရောက်ရှိပြီး ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပုံနှိပ်စက်များကြံ့ခိုင်ရေး ဆောင်ရွက်မှု၊ ပုံနှိပ်ပြီး စာရွက်စာတမ်းများ ထားသိုမှုနှင့် ယခုဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်မည့် ဂိုထောင်တစ်လုံး ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၇၃) လမ်းပေါ်ရှိ နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး)အဆောက်အအုံ၏ Steel Structure များ သံချေးမတက်စေရန် ဆေးသုတ်ခြင်းလုပ်ငန်းနှင့် တည်ဆောက်ပြီးစီးသည့် အပိုင်းများ ကြံ့ခိုင်မှုရှိရေး ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည့်ကိစ္စများကို ညှိနှိုင်းဆွေးနွေး မှာကြားသည်။

သတင်းစဉ်





# မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝင်ငွေတိုးစီမံကိန်းသင်တန်းဖွင့်ပွဲ ကျင်းပ

မြောင်းမြ ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဘုရားငုတ္တို-ရှမ်းစုကျေးရွာအုပ်စု မြေတံတားကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလင်းက သင်တန်းဖွင့်အမှာစကားနှင့် လူငယ်များအလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်ရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းပါ အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၅ ဦးဖြင့် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၂ ရက်အထိ တစ်လကြာဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး နည်းပြဆရာ ဦးကျော်ဇောလင်းနှင့် နည်းပြအကူ ဦးဝေယံလင်းတို့က ဘာသာရပ်ခုနစ်မျိုးကို စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဝေဝေ(မြောင်းမြ)

# ညောင်တုန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ညောင်တုန်း ဇူလိုင် ၂၄

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနှင့် အခြေခံပညာ ကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာနှင့် အခြေခံပညာကျောင်းများတွင် အသက်(၁၆)နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်း မရှိသည့် စဉ်ဆက်မပြတ် အမြဲနေထိုင်သူများအား ငါးဦးကော်မတီဖြင့် စိစစ်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအား သက်ဆိုင်ရာမြို့နယ်များနှင့် ချိတ်ဆက် ညှိနှိုင်းပယ်ဖျက်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၌ ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့တွင် အသင်းစုရုံး၌ ကျင်းပသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်က သမဝါယမလုပ်ငန်းစဉ်များ၊ အသင်းဥပဒေများနှင့် နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဆန်းလင်းပိုင်က အသင်း၏ အခြေအနေများကို ရှင်းလင်းပြောကြားကာ အသင်းသူ အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တော်ဝင်မိုင်းယောင်း သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မိုင်းယောင်း ဇူလိုင် ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် တော်ဝင်မိုင်းယောင်း အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိ တော်ဝင်မိုင်းယောင်း အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းမာနွယ်တို့က အမှာစကားပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အမှုဆောင်အဖွဲ့ဝင် ဦးဝင်းနိုင်ဦးက ဖတ်ကြားတင်သွင်းပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးရှင်းတမ်းကို အမှုဆောင်အဖွဲ့ဝင် ဦးစိုင်းအောင်ခမ်းက ဖတ်ကြား တင်သွင်းသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ကာ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဝေဝေခိုင်(ပြန်/ဆက်)

# အမေရိကန် ဒုတိယသမ္မတ ကင်မလာဟဲရစ်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့ ထောက်ခံသူအရေအတွက် ညီတူညီမျှရရှိထား



ဝါရှင်တန် ဇူလိုင် ၂၄

အမေရိကန် ဒုတိယသမ္မတ ကင်မလာဟဲရစ်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့သည် ရွေးကောက်ပွဲအတွက် ထောက်ခံသူအရေအတွက် ညီတူညီမျှရရှိထားကြောင်း သမ္မတရွေးကောက်ပွဲဆိုင်ရာ ပြည်သူများ၏ သဘောထားစစ်တမ်း နှစ်ခုအရ သိရသည်။

သုတေသနလုပ်ငန်း Ipsos နှင့် အခြားသတင်းဌာနတို့သည် သမ္မတရွေးကောက်ပွဲမှ နုတ်ထွက်လိုကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ကြေညာပြီးနောက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်တမ်းတစ်ခု ပြုလုပ်ခဲ့သည်။

အဆိုပါစစ်တမ်းများအရ ဟဲရစ်ကို ထောက်ခံသူ ၄၄ ရာခိုင်နှုန်းရှိပြီး ထရမ့်ကို ထောက်ခံသူ ၄၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဟဲရစ်၏ ဒီမိုကရက်တစ်ပါတီကို ကြိုက်နှစ်သက်သူအရေအတွက် အနည်းငယ်ပိုမိုများပြားကြောင်းလည်း သိရသည်။

သို့သော် ရုပ်သံလွှင့်ဌာန PBS နှင့် အခြားသောစစ်တမ်းတစ်ရပ်တွင် ၄၆ ရာခိုင်နှုန်းသည် ထရမ့်ကို ထောက်ခံကြောင်းနှင့် ၄၅ ရာခိုင်နှုန်းသည် ဟဲရစ်ကို ထောက်ခံကြောင်း သိရသည်။

လာမည့်ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့အနက် မည်သည့်ပါတီကို ပြည်သူများက ထောက်ခံမဲပေးမည်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# နီပေါနိုင်ငံ၌ လေယာဉ်တစ်စင်း လမ်းချော်တိမ်းမှောက်၍ မီးလောင်

ခတ္တမန္ဒူ ဇူလိုင် ၂၄

နီပေါနိုင်ငံ ထရီဗူဗန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေယာဉ်တစ်စင်း ပျံတက်ရန် ကြိုးပမ်းချိန်တွင် လမ်းချော်တိမ်းမှောက်၍ မီးလောင်ခဲ့သဖြင့် ၁၈ ဦး သေဆုံးခဲ့ကြောင်း နီပေါနိုင်ငံ မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟန်ဆာရာ့ဂျ်ပန်ဒေးက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာ သတင်းအရ သိရသည်။

ခတ္တမန္ဒူမှ ပိုကာရာမြို့သို့ ထွက်ခွာလာသည့် ဆော်ယာလေကြောင်းမှ လေယာဉ် မီးလောင်ချိန်တွင် လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ၎င်းလေကြောင်းလိုင်းမှ အမှုထမ်း ၁၈ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းလေယာဉ်သည် လေယာဉ်ကြံ့ခိုင်မှုပုံမှန် စစ်ဆေးရန် ပိုကာရာမြို့သို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ဖြစ်စဉ်တွင် လေယာဉ်ပိုင်းလော့တစ်ဦးတည်းသာ မျက်စိဒဏ်ရာဖြင့် အသက်ရှင်လွတ်မြောက်ကြောင်း သိရသည်။

လေယာဉ်ပျံတက်ရန် ကြိုးပမ်းချိန်တွင် ပြေးလမ်းချော်ကာ တောင်ပံနှင့် မြေပြင်ရိုက်မိပြီး ပျက်ကျ၍ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ခတ္တမန္ဒူပို့စ် သတင်းစာက ပြောကြားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဟိုတယ်တစ်ခုတွင် ဖြစ်ပွားသည့်သေဆုံးမှုမှာ အဆိပ်ခတ် သတ်ဖြတ်မှုဖြစ်ဟု ရဲတပ်ဖွဲ့ပြောကြား

ဗန်ကောက် ဇူလိုင် ၂၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဟိုတယ်တစ်ခုတွင် ဖြစ်ပွားသည့် ဗီယက်နမ်လူမျိုးများ သေဆုံးမှုတွင် တရားခံသည် သေဆုံးသူများကို ကော်ဖီထဲတွင် အဆိပ်ခတ်သတ်ဖြတ်ခဲ့ပြီးနောက် မိမိကိုယ်တိုင်လည်း အဆုံးစီရင်ခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်ဟု ယနေ့ ဗန်ကောက်ပို့စ် သတင်းအရ သိရသည်။

လက်ရှိအချိန်တွင် သေဆုံးသူတစ်ဦး၏ သမီးနှင့် မျက်မြင်သက်သေများကို စစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။

ကြွေးမြီကိစ္စကို အခြေခံ၍ ယင်းမှုခင်း ဖြစ်ပွားခဲ့ကြောင်းနှင့် သေဆုံးသူများထဲတွင် တရားခံကိုယ်တိုင် ပါဝင်ကြောင်း ရဲမှူးချုပ် သီယာဒတ်က မှတ်ချက်ပြု ပြောကြားသည်။

ယခုဖြစ်ရပ်တွင် သေဆုံးသူများ တည်းခိုခဲ့သည့် ဟိုတယ်အခန်း၏ မျက်နှာချင်းဆိုင်အခန်းတွင် ဗီယက်နမ်လူမျိုးတစ်ဦး တည်းခို နေထိုင်ခဲ့သော်လည်း ၎င်းသည် ယခုဖြစ်မှုကို ကျူးလွန်ခြင်း မရှိဟု ယူဆရသည်။

ဗန်ကောက်မြို့ လယ်ရှိ ဂရန်းဟိုက်အာရာဝမ် ဟိုတယ်ရှိ အခန်းတစ်ခန်း၌ ခြောက်ဦးသေဆုံးခဲ့ရာ သေဆုံးသူများအနက် နှစ်ဦးမှာ အမေရိကန် နိုင်ငံသားများဖြစ်ပြီး ကျန်သေဆုံးသူများမှာ ဗီယက်နမ်လူမျိုးများဖြစ်သည်။

ကိုးကား–ဗန်ကောက်ပို့စ်
ဘာသာပြန်–စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ ရထားစက်ခေါင်းများအား စားအုန်းဆီ ၄၀ ရာခိုင်နှုန်းပါဝင်သည့် ဇီဝလောင်စာဖြင့် ပထမဆုံး စမ်းသပ်ပြေးဆွဲမည်

ဂျကာတာ ဇူလိုင် ၂၄

အင်ဒိုနီးရှားနိုင်ငံ၌ ဒီဇယ်အင်ဂျင်သုံး ရထားစက်ခေါင်းများအား စားအုန်းဆီ ၄၀ ရာခိုင်နှုန်းပါဝင်သည့် ဇီဝလောင်စာဖြင့် ပထမဆုံး စမ်းသပ်ပြေးဆွဲရန် ဆောင်ရွက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယခုအစီအစဉ်သည် စားအုန်းဆီ အခြေခံထုတ်လုပ်သည့် ဇီဝလောင်စာများကို သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် သုံးစွဲရန် အစိုးရ၏ ဆောင်ရွက်ချက်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်နှင့် သတ္တု အရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာနနှင့် နိုင်ငံပိုင်ရထားလုပ်ငန်းဖြစ်သည့် PT KAI တို့ ပူးပေါင်းပြေးဆွဲသည့် ဗိုဂိုဝမ်တိုအမည်ရှိ ရထားအား ယိုယာကာတာရှိ လန်ပူယန်ဂန် ဘူတာနှင့် မြို့တော်ဂျကာတာရှိ ပက်ဆာဆီနမ်ဘူတာတို့အကြား ပြေးဆွဲမည်ဖြစ်သည်။ ဇီဝ လောင်စာသုံးပြေးဆွဲမှု၌ ယင်းရထားစက်ခေါင်းရှိ မီးစက်၏ ကြံ့ခိုင်မှုကိုလည်း စစ်ဆေးအကဲဖြတ်မည်ဟု သိရသည်။ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက ယင်းဇီဝလောင်စာကို ၂၀၂၅ခုနှစ်တွင် သုံးစွဲမည် ဖြစ်သည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ




# ပါရီအိုလံပစ်ပြိုင်ပွဲတွင် အစ္စရေးအားကစားသမားများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုရန် နိုင်ငံတကာ အိုလံပစ်ကော်မတီအား တောင်းဆို

ဂျေရုဆလင် ဇူလိုင် ၂၄

ပါလက်စတိုင်း အိုလံပစ်ကော်မတီသည် လာမည့် ပါရီအိုလံပစ်ပြိုင်ပွဲတွင် အစ္စရေးအားကစားသမားများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် တားမြစ်ပိတ်ပင်ရန် နိုင်ငံတကာ အိုလံပစ်ကော်မတီအား တောင်းဆိုခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်း အိုလံပစ်ကော်မတီက နိုင်ငံတကာ အိုလံပစ်ကော်မတီအကြီးအကဲ သောမက်စ်ဘက်ချ်ထံသို့ တရားဝင်စာတစ်စောင် ဇူလိုင် ၂၂ ရက်တွင် ပေးပို့ခဲ့ကြောင်း သိရသည်။

မကြာသေးမီက ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို အစ္စရေးက ချိုးဖောက်ကြောင်း အဆိုပါစာတွင် ဖော်ပြထားသည်။

အိုလံပစ်ပြိုင်ပွဲ မစတင်မီ ၇ ရက်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲ မပိတ်သိမ်းမီ ၇ ရက်အတွင်း ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခအားလုံးရပ်ဆိုင်းရန် အိုလံပစ်အပစ်အခတ်ရပ်စဲရေးကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်တွင် တောင်းဆိုထားသည်။

ထို့ပြင် ပါလက်စတိုင်းဘောလုံးအဖွဲ့ချုပ်ကလည်း အစ္စရေးအသင်းကို အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ခွင့်မပြုရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ ပေးစာတစ်စောင် ပေးပို့ခဲ့ကြောင်း သိရသည်။

လက်ရှိအခြေအနေအရ အစ္စရေးအသင်းကို ကစားပွဲများတွင် ပါဝင်ခွင့်ပြုခြင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အခြေခံရည်မှန်းချက်များနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန်နှင့် ခွဲခြားဆက်ဆံခြင်းမပြုရန် အခြေခံမူများကို ထိခိုက်စေကြောင်း ပေးစာတွင် ဖော်ပြထားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၄

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ရမည်းသင်းအကျဉ်းထောင်နှင့် ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇူလိုင် ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ရမည်းသင်း အကျဉ်းထောင်ကိုလည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါနေရာများသို့သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များ၌ တွေ့ဆုံ၍ အကျဉ်းသား၊ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့် တွေ့ဆုံခွင့် ပေးနေမှု၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမှု၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု၊ စာကြည့်တိုက် စီစဉ်ထားရှိမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ စသည့် အခြေအနေများကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့ပြင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှုရှိ/မရှိစသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သလို ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများသို့ကော်မရှင် ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သစ်တောထိန်းသိမ်းရေးနှင့် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေး

မိတ္ထီလာ ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ သစ်တောထိန်းသိမ်းရေးနှင့်သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အထက(၂) ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်က သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းအကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးကိုကိုမောင်က သစ်တောသစ်ပင်များစိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၏ အကျိုးကျေးဇူးများအား ပရိုဂျက်တာဖြင့် ပြသ အသိပညာ ပေးဟောပြောခဲ့သည်။

ဆက်လက်၍ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အသိပညာပေး ဗီဒီယိုကလစ်ကို ပြသပြီး စိန်ပန်း၊ တမာ၊ စိန်တံခွန်၊ ဗာဒံ၊ တပေဘူတ အရိပ်ရပန်းမန်သစ်ပင် စုစုပေါင်း ၁၅၀ ကို ကျောင်းဝင်းဧရိယာအတွင်း ခရိုင်သစ်တောဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူများ၊ ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးကြရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)



# စစ်ကိုင်းမြို့နယ် မြသိန်းတန်ဘုရားအနီးရှိ ကျေးရွာ သုံးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒေသခံပြည်သူ ခြောက်ဦးကို ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအနီးတွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုရှိခဲ့သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မြသိန်းတန်ဘုရားအနီးရှိ ရှားရောင်းကျေးရွာ မင်းကွန်း(မြောက်)ရွာနှင့် မင်းကွန်း(တောင်)ရွာတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးမှုကြောင့် ဈေးဆိုင်ခန်းများနှင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူခြောက်ဦး ထက်မနည်းကိုလည်း ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မင်းကွန်းကျေးရွာအနီးသို့ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်သမားများက ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ လျှပ်စစ်မီးကြိုးများကို ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ်အချို့တွင် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ရာ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ကျေးရွာအတွင်း ရေပေးဝေသည့် ရေပိုက်လိုင်းများ မီးလောင်ပျက်စီးခဲ့ကြောင်း၊ နေအိမ်ခြောက်လုံးမှာလည်း မီးလောင်ပျက်စီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများသည် ဘုရားစေတီပုထိုးများကို ဖူးမြော်ကြည်ညိုရန် လာရောက်သည့်ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုများဖြင့် စည်ကားလျက်ရှိသည့် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

## ဆီဆိုင်မြို့ မြို့မဈေးအသစ်ပြန်လည်တည်ဆောက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ဆီဆိုင် ဇူလိုင် ၂၄**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားခဲ့သည့် ဆီဆိုင်မြို့ မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးဌာနခန်းမ၌ ဆောင်ရွက်ခဲ့ကြသည်။

**ဆွေးနွေးတင်ပြ**

အစည်းအဝေးတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက မြို့မဈေးအသစ် ပြန်လည်တည်ဆောက်နိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မဈေးကော်မတီဝင်များနှင့် တွေ့ဆုံရာ မီးလောင်ပျက်စီးသွားသည့် မြို့မဈေးအား နှစ်ထပ်ဈေးအသစ်အဆောက်အအုံဖြင့် ပြန်လည်ဆောက်လုပ်သွားမည့် အစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူများက စနစ်တကျရှိစေရေး မြို့မဈေးဆောက်လုပ်မည့် ဒီဇိုင်းပုံစံတို့ကို ဆွေးနွေးတင်ပြကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၅) သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၂၄**

စာရေးဝန်ထမ်း ကြီးကြပ်သင်တန်းအမှတ်စဉ် (၉၅)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အုန်းတောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)က သင်တန်းသားစံပြဆုရသင်တန်းသားအမှတ်-၅၃ ဦးထူးပြည့်စုံ ဌာနခွဲစာရေး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သင်တန်းသူစံပြဆုရ သင်တန်းသူအမှတ်-၁၄ ဒေါ်နန္ဒာအောင် ဌာနခွဲစာရေး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများ၊ သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၅၀ စုစုပေါင်း ၆၅ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ မေ ၁၃ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**ဒက္ခိဏသီရိ ဇူလိုင် ၂၄**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုးနွယ်ကျေးရွာအုပ်စု ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် တာဝန်ရှိသူများသည် ရဲဒိကျေးရွာတွင် စီမံကိန်းလည်ပတ် ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားပြီး လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးခဲ့သည်။



**ထုတ်ချေးထားနိုင်ခဲ့**

ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ ကျေးရွာရှိ ချေးငွေအောင်မြင်သူ အသင်းသူ အသင်းသား ၁၇၀ ကို ရန်ပုံငွေကျပ် ၅၆၅ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး အတိုးရငွေကျပ် ၂၆၅ သိန်းဖြင့်လည်း ကျေးရွာတွင်း ကွန်ကရစ်လမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၈၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၃၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၁၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၁၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စနစ်သစ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စနစ်သစ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စနစ်သစ်ရောင်းဝယ်ရေးသမဝါယမအသင်းသဘာပတိ ဦးမြသန်းက ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းဆိုင်ရာများအကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုခဲ့ကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်ငွေကျပ် ၄၄၀၁၀၀၀ နှင့် လက်ဆောင်ပစ္စည်းများကို အသင်းသား အသင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်မြင့်ရီ(ဒဂုံမြောက်)**



## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ်ဧပြီလ (၁) ရက်နေ့မှစပြီး ဇူလိုင်လ (၃၁) ရက်နေ့အထိ နေ့စဉ်နံနက် (၆:၀၀) နာရီမှစပြီး၊ ရှမ်း ၊ "ဝ' ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင် ဘာသာအစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ် (၁) ရက်နေ့မှစပြီး နိုဝင်ဘာလ (၃၀)ရက်နေ့အထိ နေ့စဉ်နံနက်(၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ "ဘာသာအစီအစဉ်၊ နံနက်(၈:၀၀)နာရီမှ (၁၀:၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီမှ နံနက်(၁၂:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၃:၀၀) နာရီအထိ စကောကရင် ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀) နာရီမှ ညနေ(၁၄:၀၀) နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ ညနေ (၁၄:၀၀)နာရီမှ ညနေ (၁၅:၀၀) နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ (၁၅:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာအစီအစဉ်၊ ညနေ(၁၆:၀၀) နာရီမှ ည(၁၇:၀၀) နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ည(၁၇:၀၀) နာရီမှ (၁၉:၀၀) နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည (၁၉:၀၀)နာရီမှ (၂၁:၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည (၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ် တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရေတာရှည်မြို့နယ်၌ အလွတ်တန်း စနူကာပြိုင်ပွဲကျင်းပ

**ရေတာရှည် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နန်ချွန်ကျေးရွာ၌ ယနေ့နံနက် ၉ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒိုင်း အလွတ်တန်း စနူကာပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အားကစားသမားများနှင့် တွေ့ဆုံကာ အားပေးစကားများ ပြောကြားပြီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲသို့ ရေတာရှည်မြို့နယ်အတွင်းရှိ စနူကာအားကစားသမား ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အုပ်စု ရှစ်အုပ်စု အလှည့်ကျစနစ်ဖြင့် ပြိုင်ပွဲအား ကျင်းပကာ ထူးချွန်သည့် အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**တနင်္သာရီ ဇူလိုင် ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်၊ ဇီဝမျိုးစုံမျိုးကွဲများ၏ အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှု၊ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုခြင်းနှင့် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



**ဖြန့်ဝေ**

အခမ်းအနားမစတင်မီ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများက သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ အသိပညာပေး လက်ကမ်း စာစောင်များကို ကျောင်းသား ကျောင်းသူများနှင့် ဆရာမများထံ ဖြန့်ဝေပေးကြပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ဝင်းက သစ်ပင်စိုက်ပျိုးခြင်း၏ သက်ရှိများ အားလုံးအတွက် အပြန်အလှန် အကျိုးကျေးဇူးများပုံ၊ စိုက်ပျိုးပင် တစ်ပင်ဖြစ်တည်ရန် မျိုးစေ့မှစ၍ လိုအပ်သည့်အခြေခံအချက်များ၊ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားစဉ် ပေါင်းရှင်းမြေဆွ ပြုစုနည်းများနှင့် စိုက်ပျိုးပင်များကို သစ်တောဥပဒေ/ နည်းဥပဒေများဖြင့် ထိန်းသိမ်းကာကွယ်ခြင်း စသည့် ဗဟုသုတရဖွယ် အကြောင်းအရာများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းဟောပြောပေးကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ RBF စီမံကိန်းဖြင့် မွေးမြူထားသော နွားမွေးမြူရေးလုပ်ငန်းများ စစ်ဆေး

**တွံတေး ဇူလိုင် ၂၄**

ရန်ကုန်တိုင်း ဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း (RBF) စီမံကိန်းဖြင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ထားသည့် နွားမွေးမြူရေးလုပ်ငန်းနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများသည် ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာတွင် ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေဖြင့် ကျေးလက်မေတ္တာအဖွဲ့၊ လမ်းပြကြယ်အဖွဲ့၊ တိုးတက်စေလိုအဖွဲ့နှင့် ခတ္တိယစံပြအဖွဲ့တို့က မွေးမြူထားသော မေထုန်နွား ၁၉ ကောင်နှင့်ဒေသနွား ငါးကောင် စုစုပေါင်း ၂၄ ကောင် မွေးမြူထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး RBF အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ အဆိုပါအစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းချေးငွေကျပ်သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၂၂၂**

## ❂ အာဆီယံမှ

မြန်မာအသင်းနည်းပြချုပ် ဦးအောင်နိုင်သည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ဩစတြေးလျကို ရင်ဆိုင်ခဲ့သည်။ ဩစတြေးလျအသင်းသည် နောက်တစ်ဆင့်တက်ရောက်ပြီးဖြစ်သော်လည်း ရာနှုန်းပြည့်နိုင်ပွဲအတွက် အကောင်းဆုံးကြိုးပမ်းခဲ့ပြီး တစ်လုံးတည်းသောအနိုင်ဂိုးကို ၃၅ မိနစ်တွင် မီဒင်က သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်းမှ တစ်ဦးထုတ်ပယ်ခံရသဖြင့် ဒုတိယပိုင်းတွင် တစ်ယောက်လျော့ဖြင့် ကစားရသော်လည်း ဂိုးထပ်မပေးရအောင် ကစားနိုင်ခဲ့သည်။

အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် ဩစတြေးလျအသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး လေးမှတ်ရရှိသည့် ဗီယက်နမ်၊ နှစ်မှတ်ရရှိသည့် မြန်မာအသင်းနှင့် တစ်မှတ်ရရှိသည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

## ❖ MNL-2 မှ

ရွှေပြည်သာသာယာနိုက်တက်အသင်းအတွက် ချေပဂိုးကို ၃၆ မိနစ်တွင် စောဖွေးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Glory Goal အသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး သူရမင်းနိုင်က ရရှိသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းက ငွေကြယ်ပွင့်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်အသင်းအတွက် ဂိုးများကို ၁၃ မိနစ်တွင် အောင်မြင့်မြတ်၊ ၇၇ မိနစ်တွင် သန်းမြတ်စိုးတို့က သွင်းယူပြီး ငွေကြယ်ပွင့်အသင်းအတွက် ချေပဂိုးကို မိနစ် ၇၀ တွင် သက်ဝင်းထွန်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို တက္ကသိုလ်အသင်းမှ အောင်မြင့်မြတ်က ရရှိသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

## ✻ ကျောဖုံးမှ

ကျန်တဲ့ဒေသက အာလူးတွေကတော့ ထွက်ရှိခြင်း မရှိသေးပါဘူး။ အာလူးစိုက်ပျိုးတဲ့ တောင်သူတွေက ရာသီဥတုအခြေအနေကြောင့် မစိုက်ကြတာများပါတယ်။ စိုက်တဲ့သူနည်းသွားပါတယ်။ တရုတ်ပြည်က ဝင်ရောက်လာတဲ့ အာလူးတွေက ဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကောင်းပြီးတော့ ဈေးကောင်းရရှိနေပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းအာလူးများ အရောင်းအဝယ်ကောင်းနေခြင်းနှင့်အတူ ကျန်သည့်ကုန်သီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ဘိုစားပဲနှင့် ပန်းမုန်လာတို့သည်လည်း ဈေးကောင်းများဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိအချိန် ဈေးကွက်သို့ ကုန်မျိုးစုံဝင်ရောက်နေသည့်ကားအစီးရေသည် နေ့စဉ်ပုံမှန် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

**ရေချွေတာရေး နည်းလမ်းများ**

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဧည့်သည်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

"ဝိပဿနာအလုပ် အားထုတ်တယ်"ဆိုတာ တကယ်တမ်းကျတော့ ကိုယ်ချမ်းသာအောင်၊ စိတ်ချမ်းသာအောင် နေပြီးတော့ အားထုတ်ရတာ မျိုးပါ။

ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာနဲ့ အားထုတ်မှလည်း ဝိပဿနာဉာဏ်ဆိုတာ ဖြစ်လာတာ၊ ဖြစ်နိုင်တာပါ။ ဝိပဿနာတရား အားထုတ်ရာမှာ ဘုရားရှင်ရဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တရားပေါင်းများစွာမှာ အားထုတ်နည်းပေါင်း များစွာ ရှိကြပါတယ်။

အဓိကအားဖြင့်ကတော့ ဇောဓိပက္ခိယ တရားဆိုတဲ့ မဂ်ညာဏ်ဖိုလ်ညာဏ်ရဲ့ အသင်းအပင်းတွေ၊ မဂ်ညာဏ်ဖိုလ်ညာဏ်ရကြောင်းတရားတွေ သုံးဆယ့် ခုနစ်ပါးဆိုတာ ရှိကြပါတယ်။ အဲဒီ သုံးဆယ့်ခုနစ်ပါး ထဲက ဘယ်နည်းနဲ့ပဲ တရားအားထုတ်အားထုတ် ဝိပဿနာဉာဏ် ရပါတယ်။ မဂ်ညာဏ်ဖိုလ်ညာဏ် ရပါတယ်။

သတိပဋ္ဌာန်လေးပါးနဲ့ အားထုတ်လည်း ဝိပဿနာ မဂ်ညာဏ်ဖိုလ်ညာဏ်တွေကို ရပါတယ်။ သမ္မပ္ပဓာန်လေးပါးနဲ့ အားထုတ်လည်း ရပါတယ်။ ဣဒ္ဓိပါဒ်လေးပါးနဲ့ အားထုတ်လည်း ရပါတယ်။

ဗိုလ်ငါးပါး၊ ဣန္ဒြေငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါးတွေနဲ့လည်း အားထုတ်လို့ ဝိပဿနာ ညာဏ် မဂ်ညာဏ်ဖိုလ်ညာဏ်တွေကို ရပါတယ်။

ဒီနေရာမှာတော့ ဝိပဿနာဆိုတာကို အခြေခံ အားဖြင့် ပြောရရင်တော့ မဟာသတိပဋ္ဌာန် တရား လေးပါးနဲ့ အားထုတ်တဲ့နည်းကို ပြောပြပါမယ်။

"သတိပဋ္ဌာန် ဘာဝနာတရားကို ရှုပွားကြတဲ့ ယောဂီမှာ၊

ကိုယ်စိတ်နှစ်ဖြာ လွန်ဆင်းရဲတဲ့ အကျိုးမဲ့ဘေး ချုပ်ငြိမ်းကွာ၊

စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမှ မချလွတ်ကင်း ရမည်သာ၊

စိတ်စင်ကြယ်ကာ အရိယာမဂ်နဲ့ နိဗ္ဗာန်ရချက် ကျိုးသုံးဖြာ၊

အဲဒါကြောင့် ရှုကြပွားကြ မဟာသတိပဋ္ဌာန ဘာဝနာ"တဲ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မဟာ သတိပဋ္ဌာနသုတ်တော်ကြီးမှာ တရားဘာဝနာ အားထုတ်လို့ ရရှိနိုင်တဲ့ အကျိုးတရားတွေကို အဲဒီလို တိုက်ရိုက်မိန့်တော်မူပါတယ်။

မဟာသတိပဋ္ဌာန်နည်းနဲ့ တရားဘာဝနာ အလုပ်ကို အားထုတ်ကြတဲ့ ယောဂီတွေအတွက် ရနိုင်တဲ့ အကျိုးသုံးပါးကို ပြောတာပါ။ အမှန်တော့ အကျိုးတရားတွေက ခုနစ်ပါးပေါ့လေ။

ကိုယ်ဆင်းရဲမှုကိုလည်း ပျောက်စေတယ်။ စိတ်ဆင်းရဲမှုကိုလည်း ပျောက်စေတယ်။ ကိုယ်ချမ်းသာတယ်။ စိတ်ချမ်းသာတယ်ပေါ့။ "စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမှ မချလွတ်ကင်းရမည်သာ"တဲ့။ သောက ပရိဒေဝ ဒုက္ခဒေါမနဿစိုးရိမ်ပူဆွေးမှု ငိုကြွေး မြည်တမ်းမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ဆိုတာတွေ ကလည်း လွတ်ပါတယ်တဲ့။

အမှန်ကတော့ အကြောင်းအကျိုးသဘောနဲ့ ပြောရရင် ကိုယ်ချမ်းသာဖို့၊ စိတ်ချမ်းသာဖို့၊ စိုးရိမ် ပူဆွေးမှု၊ ငိုကြွေးမြည်တမ်းမှုတွေက လွတ်ဖို့ အဓိက အရေးမကြီးပါဘူး။ ဒါတွေက သာမန် အကျိုးဆက် တရားတွေ ဖြစ်လို့ပါပဲ။ သိပ်ပြီးတော့ အရေးမကြီး ဘူး။

မဟာသတိပဋ္ဌာန်တရား အားထုတ်ရင် စိတ် စင်ကြယ်ကာ အရိယာမဂ်နဲ့ နိဗ္ဗာန်ရချက် အကျိုး သုံးဖြာတဲ့။

ဝိပဿနာညာဏ်နဲ့ လေးမဂ်၊ လေးဖိုလ် အရိယာ မဂ်ညာဏ် ရတယ်။ အရိယာဖိုလ်ညာဏ် ရတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်။ ဒါတွေက တရား ဘာဝနာပွားများမှုရဲ့ အဓိက အကျိုးရင်းတွေပါ။

စိတ်စင်ကြယ်ဖို့ရယ်၊ မဂ်ညာဏ်ရဖို့ရယ်၊ နိဗ္ဗာန် မျက်မှောက်ပြုဖို့ရယ်လို့ အဓိကအားဖြင့် အကျိုး သုံးချက် ရှိပါတယ်။ အဲဒီအကျိုးသုံးချက်ကို ရရှိ အောင် ကြိုးစားရင် ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာရှိမှု အဲဒီအကျိုးသုံးချက်ရမယ်။

အဲဒီလို အကျိုးသုံးချက်ရအောင် ကြိုးစားရင်း နဲ့လည်း အဲဒီကိုယ်ချမ်းသာ၊ စိတ်ချမ်းသာမှု ဆိုတာတွေက ပိုပြီးချမ်းချမ်းသာသာတွေ ဖြစ်ဖြစ် လာပါတယ်။

ကိုယ်ချမ်းသာတယ်၊ စိတ်ချမ်းသာတယ်။ စိုးရိမ်ပူဆွေး ငိုကြွေးတာတွေ ကင်းတယ်။ ဒီအကျိုး တရားတွေက ဘယ်လောက် ကောင်းထားလဲ။ ဒီအကျိုးတရားတွေဟာ သတ္တာန် ဝိသုဒ္ဓိယာ ဆိုတဲ့ သတ္တဝါတွေရဲ့စိတ်မှာ ကိလေသာ အညစ်အကြေး တွေ ကင်းဝေးစေတဲ့ အကြောင်းရင်းကြောင့်သာ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာရတဲ့ အကျိုးရင်း အကျိုးဆက်တွေပါ။

ဒီလိုကိုယ်လည်း ချမ်းသာ၊ စိတ်လည်း ချမ်းသာတဲ့ အကျိုး၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းမှုတွေ ကင်းပျောက်တဲ့ အကျိုးတရားတွေဆိုတာ ရွှေငွေ ဥစ္စာတွေနဲ့ လဲလှယ်လို့ရနိုင်တဲ့ အကျိုးတွေ မဟုတ်ပါဘူး။

ဘာဝနာအလုပ်ကိုပွားများ အားထုတ်မှသာ ရရှိနိုင်တဲ့ အကျိုးတရားတွေပါ။

ဒီလို အကျိုးကျေးဇူးတွေ အများကြီးကို ရရှိ စေနိုင်တဲ့ တရားတော်ဆိုတာကလည်း သဗ္ဗညုတ ညာဏ်တော်ပိုင်ရှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားဆုံးမပေးမှသာ ပေါ်ထွန်းလာနိုင်တဲ့ တရားတော်မြတ်ပါ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဗောဓိ ပင်အောက် ရွှေပလ္လင်အထက်မှာ သဗ္ဗညုတ ညာဏ်တော်ကို လက်ဝယ်ပိုင်ပိုင် ရရှိတဲ့အခါ ဘုရား အဖြစ် ရောက်လာပါတယ်။

ဘုရားအဖြစ် ရောက်တယ်ဆိုတာ ပြောတော့သာ လွယ်ပါတယ်။ တကယ်တမ်းကျတော့ ပါရမီ ဖြည့်ကျင့်ရတာ အချိန်ကာလအနေနဲ့ ပြောရရင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလကြာပါ တယ်။

အသင်္ချေ ဆိုတာက တစ်ဆယ်ဆိုရင် နောက်က သုညတစ်လုံး၊ တစ်ရာဆိုရင် နောက်က သုညနှစ်လုံး၊



တစ်ထောင်ဆိုရင် နောက်က သုညသုံးလုံး၊ တစ်သောင်းဆိုရင် နောက်က သုညလေးလုံး၊ တစ်သိန်းဆိုရင် နောက်က သုညငါးလုံး၊ တစ်သန်း ဆိုရင် နောက်က သုညခြောက်လုံး စသည် စသည်အားဖြင့် အဲဒီလိုမျိုး။ သင်္ချာပညာရပ်ရဲ့ သင်္ကေတတွေ ရှိတာပေါ့။

တစ်သင်္ချေဆိုရင် သင်္ချာသင်္ကေတအားဖြင့် နောက်က သုညအလုံးပေါင်း ၁၄၀ ရှိတယ်လို့ ဆိုကြပါတယ်။ အဲဒါ လေးအသင်္ချေနဲ့ ကမ္ဘာ တစ်သိန်း၊ ကမ္ဘာပေါင်း လေးအသင်္ချေနဲ့ ကမ္ဘာ တစ်သိန်းတောင် ဘုရားအဖြစ်ရောက်ဖို့ ပါရမီ ဖြည့်ဆည်းရတာ ကြာပါတယ်။

တချို့ အယူအဆအရကတော့ အသင်္ချေ ဆိုတာ ကပ်ကမ္ဘာတွေ ပြောင်းလဲမှုဟာ ကြာလွန်းလှတော့ ရေတွက်လို့မရနိုင်အောင်ကြာတဲ့ ကာလတစ်ခုကို ပြောတာပါတဲ့။

အချိန်အားဖြင့်လည်း အများကြီး ကြာလှပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဧည့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူ ဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၃၀)

ဦးမင်းဟန်(ဘီအေ)

"ကိုဦးရေ"

"ခင်ဗျာ- ဟုတ်ကဲ့ဘိုးလေး။ ပြောပါခင်ဗျာ"

"ဟဲ့- ဒီနေ့တော့ ကိုဦးလည်း သိမ်မွေ့နေပါလားနော် မောင်ထူးရေ"

"ဟုတ်တယ်နော် ပုစုမရေ"

"မင်းတို့ကတော့လုပ်ပြီ။ ငါက အစကတည်းက ယဉ်ကျေး သိမ်မွေ့ပြီးသားပါ"

"ပုစုမ ပြောချင်တာကို ငါသိတယ်ကိုဦး၊ ဒီနေ့မှကို မင်းက ပိုပြီးယဉ်ကျေးသိမ်မွေ့နေတယ်လို့ ပုစုမက ဆိုလိုချင်တာနေမှာပါ"

"ဟင်း ဟင်း ဟင်း"

ဘိုးလေးကြက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်တွင် ရောက်နေ ကြသော မောင်ထူး၊ ကိုဦးနှင့် ပုစုမတို့ အပြန်အလှန်ပြောပြီး ရယ်နေကြသည်များကို ဘိုးလေးကြက်က နားစွင့်ရင်း ပြုံးနေလိုက်သည်။

"ကိုဦးရေ မြေးက ဘိုးလေးခေါ်တာကို အခုလိုကို ရည်ရည်မွန်မွန်နဲ့ ယဉ်ကျေးသိမ်မွေ့စွာ ပြန်ပြောတာကြားရလို့ နားဝင်ချိုလိုက်တာ၊ ကျက်သရေရှိလိုက်တာကွယ်။ ပုစုမတို့ မောင်ထူးတို့ကလည်း ကိုဦးရဲ့ အပြောအဆိုကို ချီးကျူးကြတာနေမှာပါ မြေးရဲ့"

ဘိုးလေးကြက်၏ စကားကြောင့် ကိုဦးတစ်ယောက် နေသာ ထိုင်သာရှိသွားရသည်။

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့လည်း ဘိုးလေးရဲ့သွန်သင်ဆုံးမ မှုတွေကြောင့် အိမ်မှာရော၊ ကျောင်းမှာရော ရပ်ထဲရွာထဲမှာပါ ပြောတတ်ဆိုတတ်လာကြတာပါ။ စကားပြောရာမှာ သတိလေးကပ်ပြီး ပြောဆိုဆက်ဆံတတ်လာလို့ ပိုပြီးယဉ်ကျေးသိမ်မွေ့လာတာ ဖြစ်မှာပေါ့"

ကိုဦး၊ မောင်ထူးနဲ့ ပုစုမတို့သုံးဦး၏ ပြိုင်တူပြောထွက်လာသည့် စကားသံကြောင့် ကုက္ကိုပင်ထက်က စာဝါငှက်ကလေးများ ပျံပြေးသွား ကြလေသည်။

"ဘိုးလေးက မြေးတို့အနေနဲ့ ပိုမိုယဉ်ကျေးသိမ်မွေ့လာကြလို့ ဝမ်းသာနေတာပါ။ ကျောင်းတွေမှာ၊ စာသင်ခန်းအတွင်းမှာ လူမှု ဆက်ဆံရေးပြေပြစ်ကောင်းမွန်အောင် စာသင်ခန်းဆိုင်ရာယဉ်ကျေးမှုနဲ့ ဆက်နွှယ်တာလေးတွေ ပြောဖြစ်နေရတာကိုက ဘိုးလေးအနေနဲ့ အားပိုရှိတယ်။ မြေးတို့တွေ ကျောင်းမှာရော စာသင်ခန်းအတွင်းမှာပါ ဆရာ ဆရာမတွေနဲ့ပဲဖြစ်ဖြစ်၊ ကျောင်းသားအချင်းချင်းပဲဖြစ်ဖြစ် ပြောဆိုဆက်ဆံကြတဲ့အခါ အခုလို ယဉ်ကျေးသိမ်မွေ့မှုရှိလာတယ်၊ ဒီထက်မက ပိုမိုပြီးတော့ယဉ်ကျေးလာကြမယ်၊ အနန္တဂိုဏ်းဝင်ဆရာ ဆရာမတွေကို ရိုသေလေးစားမှု ပိုမိုရှိလာကြမယ်ဆိုရင် မြေးတို့အတွက် အကျိုးရှိသလို ဘိုးလေးအတွက်လည်း ကြည်နူးပီတိဖြစ်ရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘိုးလေးခင်ဗျာ။ မြေးတို့ အထူးဂရုစိုက်ပြီး ပြောဆို ဆက်ဆံပါ့မယ်"။

ကိုဦးတို့သုံးဦး ညီညာစွာ ကတိစကားပြောလိုက်ကြသည်။

"ဘိုးလေးကို ပြောမယ်ပြောမယ်နဲ့ မပြောဖြစ်တာလေးလည်း ရှိသေးတယ်"

မောင်ထူးစကားကြောင့် ကိုဦးရော ပုစုမပါ မျက်လုံးပြူးသွား ကြသည်။

"ဆိုပါဦး မောင်ထူးရဲ့ ဘာများလဲ"

"ဒီလိုပါ ဘိုးလေး။ ပုစုမပေါ့ ထမင်းစားရင်း နှုတ်ခမ်းတွေ ပေနေတာကို မသုတ်ပစ်ဘဲနဲ့ လျှာနဲ့လျက်ပစ်လိုက်တာ တွေ့တွေ့နေရလို့ အဲဒါ သင့်တော်၊ မသင့်တော်လားဆိုတာကိုမေးမလို့ပါ"

"ဟေ ဟုတ်လား။ ပုစုမက နှုတ်ခမ်းတွေပေရနေတာကို မသုတ်ပစ်ဘဲ လျှာနဲ့လျက်တယ်ဆိုတာ တကယ်ပဲလား မြေးရေ"

"ဟုတ်ကဲ့ဘိုးလေး။ အလွယ်လုပ်မိတဲ့သဘောပါ။ သုတ်ပစ်တာ ထက်စာရင် ပိုမြန်တယ်လေ။ အဲဒါ မသင့်တော်ဘူးလား ဘိုးလေး"

ပုစုမက မောင်ထူးကိုမျက်စောင်းခဲလျက် ဘိုးလေးကြက်ကို ဝန်ခံလိုက်ပြီး ဆက်မေးလိုက်ခြင်း ဖြစ်သည်။

"မသင့်တော်ဘူးလို့ ပြောရမှာပေါ့မြေးရယ်။ အိမ်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ် ထမင်းစားတဲ့အခါ နှုတ်ခမ်းတွေပေတတ်ကြတာ ပါပဲ။ အဲဒါကို သန့်ရှင်းတဲ့လက်သုတ်ပဝါနဲ့ သုတ်ပစ်နိုင်သလို သန့်ရှင်းတဲ့ စက္ကူတစ်ရှူးနဲ့လည်း သုတ်ပစ်လို့ရပါတယ်။ လျှာနဲ့လျက်ပစ်လိုက်တယ် ဆိုတာကတော့ မယဉ်ကျေးဘူးပေါ့ကွယ်။ မိန်းကလေးရော၊ ယောကျ်ား လေးရော လိုက်နာရမယ့် စားသောက်ရေးစည်းကမ်းအဖြစ်မှတ်သား ထားရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"နောက်တစ်ခုက ထမင်းဟင်းတွေပေနေတဲ့ လက်နဲ့ ဟင်းခပ်ဇွန်းကို မကိုင်ရဘူးနော်။ ထမင်းနှိုက်မစားတဲ့ ဘယ်ဘက်လက်တစ်ဖက်နဲ့ ကိုင်ရမယ်။ အဲဒါကိုလည်း အိမ်မှာရောကျောင်းမှာပါ လိုက်နာရမယ့် ယဉ်ကျေးမှုတစ်ခုပါပဲ"

"ဟုတ်ကဲ့ပါ ဘိုးလေးရေ၊ မြေးတို့အားလုံး လိုက်နာကြပါမယ်ဆိုတာ ကတိပေးပါတယ်။

"သာဓုပါကွယ် သာဓု၊ သာဓု၊ မြေးတို့တွေ လိမ္မာယဉ်ကျေးကြပါ စေတယ်"။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

## ဝီရိယပါရမီ

**ရုံ့ဖွဲ့က ရှင်သန်ရာ**

"ငါ့ကိုယ်တွင်းမှာ ဝရဇိန်လက်နက်များစွာရှိတယ်။ အသင်က ငါ့ကိုစားပစ်လိုက်မယ်ဆိုရင် ငါ့ကိုယ်တွင်းမှာရှိတဲ့ ဝရဇိန်လက်နက်တွေက အသင်ရဲ့ ဝမ်းတွင်းကလီစာတွေကို အပိုင်းပိုင်းပြတ်အောင် ဖြတ်ပစ်တဲ့အခါ အသင်လည်းသေပွဲဝင်ရမှာပဲလေ"

မင်းသားရဲ့စကားကြောင့် ဘီလူးကြီးတွေဝေသွားတော့တယ်။ တွေဝေရုံတင်မကတော့ဘဲ မင်းသားရဲ့ ရုံ့တဲ့ဖွဲ့နဲ့ မကြောက်မရွံ့ ပြန်လည်ခုခံတိုက်နေခြင်းဟာ ဒီဝရဇိန်လက်နက်တွေရှိနေလို့သာဖြစ်မယ်။ ဒီမင်းသားကို ပြန်လွှတ်ပေးလိုက်တာ အကောင်းဆုံးဖြစ်မယ်။ ငါတော့ သေလို့မဖြစ်သေးဘူး။ မင်းသားကိုပဲ ပြန်လွှတ်ပေးလိုက်တော့မယ်ဆိုတဲ့ ဘီလူးရဲ့ဆုံးဖြတ်ချက်က သူ့ရဲ့စိုးရိမ်စိတ်ကိုပြေလျော့သွားစေတော့သတဲ့။

ဟိုးရှေးရှေးတုန်းအခါက ဗာရာဏသီတိုင်းပြည်ကို ဗြဟ္မဒတ်မင်းကြီး စိုးစံချိန်ကပေါ့ကွယ်။ မိဖုရားခေါင်ကြီးကမွေးဖွားလာတဲ့ မင်းသားလေးဟာ ငယ်ရွယ်စဉ်ကတည်းက လက်နက်ငါးပါးကို ကျွမ်းကျင်စွာနဲ့ ကိုင်တွယ်တိုက်ခိုက်နိုင်တာကြောင့် ပဉ္စာဝုဓလို့အမည်တွင်ကာ ကျော်ကြားလေတယ်။

"သားတော်ရဲ့သက်တော် တစ်ဆယ့်ခြောက်နှစ် ဖြစ်လာလို့ မင်းသားတို့တတ်အပ်တဲ့ အဋ္ဌာရသ ဆယ့်ရှစ်ရပ်ပညာတို့ကို သင်ကြားရတော့မယ်။ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသွားရောက် သင်ကြားရမယ်ကွဲ့"

ဖခမည်းတော် ဗြဟ္မဒတ်မင်းကြီးနဲ့ မယ်တော်တို့ရဲ့စကားကို တစ်သဝေမတိမ်းလိုက်နာကာ တက္ကသိုလ်ပြည်မှာ သွားရောက်ပညာသင်ကြားတာပေါ့ကွယ်။ မင်းသားလေးဟာ မူလအရင်းခံပညာရှိထားတဲ့အပြင် ဒိသာပါမောက္ခဆရာကြီးရဲ့ သင်ကြားလမ်းညွှန်မှုတို့ကြောင့် လက်နက်ငါးပါးအရှင်လို့ ကျော်ကြားလာရတယ်။ ပညာအတတ်စုံလင်လာတဲ့အခါ ပြည်တော်ပြန်ဖို့ဖြစ်လာချိန် ဆရာကြီးကိုကန်တော့ချိန်မှာ ဆရာကြီးက လက်နက်ငါးပါးကို လက်ဆောင်အဖြစ် ချီးမြှင့်လိုက်လေသတဲ့။

"အင်း ငါ့တိုင်းပြည်ကို ပြန်ဖို့လမ်းမှာလည်း တွေ့သမျှလူတွေကို ဖမ်းဆီးသတ်ဖြတ်စားသောက်နေတဲ့ ဘီလူးကြီးက ကြီးစိုးနေတယ်လို့ သတင်းကြားတယ်။ ဒီလမ်းကနေလည်း ပြန်မှဖြစ်မှာ ဘီလူးနဲ့တော့ တွေ့ရသေးတာပေါ့၊ တွေ့ရသေးတာပေါ့ ဟင်း ဟင်း ဟင်း"

မင်းသားခမျာ အတွေးနဲ့ လျှောက်လာလိုက်တာ သတင်းကြီးတဲ့တောကြီးရဲ့အစပ်ကိုရောက်လာတော့တယ်။

"ဒီတောကို တစ်ယောက်တည်းဖြတ်မှာလား အဆွေတော်"

"မှန်ပါပေတယ်ဗျာ တစ်ယောက်တည်းဖြတ်မှာပါ"

အဆွေတော်ကို ပြောချင်တာက သတင်းမဖြန့်ပါနဲ့ဦးလို့ ပြောချင်တာပါ။ နောက်တစ်ချက်က လက်ဦးမှု မယူလိုက်နိုင်ရင် အခက်တွေ့မှာစိုးရိမ်မိလို့ပြောတာပါ"

ဘီလူးကြီးရှိရာ တောသို့မဝင်မီ ခရီးသွားများက အမျိုးမျိုးပြောဆိုကြရာ မင်းသားကတော့ အပြုံးမပျက်ဘဲ စကားဆက်လိုက်တယ်။

"မစိုးရိမ်ကြပါနဲ့ ငါ့မှာ အဆောင်လက်နက်ပါပါတယ်။ ဘယ်လိုသောရန်သူမျိုးမဆို ဖြိုခွင်းနိုင်ပါတယ်။ မင်းသားက ရဲဝံ့စွာ၊ ယုံကြည်စွာနဲ့ ပြန်လည်ပြောဆိုပြီး တောအတွင်းသို့ ဝင်သွားတော့တာပေါ့ကွယ်။

"ဟယ် ... အသင်လူသား ရပ်လော့၊ ငါ့ပိုင်နက်ထဲကိုရောက်လာတဲ့အတွက် သင်ဟာအစာဖြစ်ပြီ။ မပြေးလေနဲ့၊ ပြေးလည်းမလွတ်ဘူးဆိုတာ နှလုံးသွင်းထားပေတော့"

ဘီလူးကြီးက ကြောက်စရာကောင်းတဲ့အသံနဲ့ခြိမ်းခြောက်ကာ မင်းသားရဲ့ရှေ့ကနေ ပိတ်ရပ်လိုက်လေတယ်။ ဘီလူးကြီးကိုမြင်ရုံနဲ့တင် သာမန်လူသားတို့အဖို့ နေရာမှာပင် လဲကျသေဆုံးသွားနိုင်တယ်။ ဘီလူးကြီးဦးခေါင်းက ပုတ်တောင်းလောက်ရှိတယ်။ နီရဲနေတဲ့ မျက်လုံးအစုံက မီးဝင်းဝင်းတောက်နေတယ်လို့ထင်ရတယ်။ ကြီးမားလှတဲ့ အစွယ်တွေကို ဖြီထုတ်ကာ ခြိမ်းခြောက်စကား ဆိုလိုက်ခြင်းပါပေပဲ။

"ဟယ် ဘီလူး၊ မိုက်မဲလှချည်လား။ ငါ့ကို သာမန်လူပုဂ္ဂိုလ်လို့ ထင်နေတာလား။ ငါက ဗာရာဏသီတိုင်းပြည်ကိုစိုးစံတဲ့ ဗြဟ္မဒတ်မင်းကြီးရဲ့ သားတော် ပဉ္စာဝုဓမင်းသားဆိုတာ ငါပဲ"

"အို ဟိုး ဟိုး ရယ်စရာတော့ကောင်းနေပါလား။ ဘီလူးဆိုတာ ကြီးကျယ်မှု၊ ခမ်းနားမှုတွေကိုနားမလည်ဘူး။ ငါ့ရှေ့ကဖြတ်သွားတဲ့ လူဟာ ငါ့ရဲ့ အစာပဲ"

ဘီလူးကြီးက ပြောပြောဆိုဆို မင်းသားကို ဖမ်းရန်ကြံစည်တော့တယ်။ မင်းသားကလည်း အကာပ်မခံဘဲ ပြန်လည်ခုခံတော့တယ်။ ပထမဆုံးမြားနဲ့ပစ်ရာ ဘီလူးရဲ့ ကိုယ်ပေါ်ကအမွေးမှာတင် ကပ်ငြိသွားတယ်။ မင်းသားရဲ့ မြားစွမ်းရည်ဟာ ကျောက်သားကိုပင် ထက်ခြမ်းခွဲနိုင်လောက်တဲ့အထိ စွမ်းရည်ရှိလေတယ်။

ဘီလူးကြီးက တဟားဟားဖြင့် ရယ်သွမ်းသွေးတော့တာပေါ့ကွယ်။ မင်းသားလည်း နောက်တစ်ကြိမ်ခုခံပြန်ရာ ဘီလူးကြီးကို မည်သို့မျှမထိနိုင်ဘဲ အမွေးမှာတင်ကပ်ငြိပြန်ပါတယ်။ ဒီလိုနဲ့ မြားတံတွေကုန်တာသာအဖတ်တင်တဲ့အတွက် ဘီလူးကြီးက မင်းသားရဲ့အဖြစ်ကိုကြည့်ကာ တဟားဟားဖြင့် ရယ်သွမ်းသွေးနေလေရဲ့။ မင်းသားကတော့ လက်မလျှော့ဘဲ ရဲဝံ့စွာ ဆက်လက်ခုခံပြန်ပါတယ်။

နောက်ဆုံးမှာ တိုက်ခိုက်ရေးပစ္စည်းတွေကုန်တဲ့အထိ ခုခံသော်လည်း အောင်မြင်မှုကမရ၊ ပစ္စည်းများအားလုံးဟာ ဘီလူးကြီးရဲ့ ကိုယ်ပေါ်က အမွေးတို့မှာသာ ကပ်ငြိမြဲ ကပ်ငြိသွားရတာပေါ့ကွယ်။ ဉာဏ်လက်သီးနဲ့ထိုးလည်း ကိုယ်ထည်ပေါ်ကအမွေးတွေမှာပဲကပ်ငြိနေရတာပေါ့ကွယ်။ ဘယ်လက်သီးလည်း ကိုယ်မှာကပ်နဲ့ ဘီလူးကို ရင်ဆိုင်နိုင်ဖို့ရာ အတော်ကလေး စိတ်သက်သာရာမရဖြစ်ရတော့တယ်။

ခုခံနိုင်သမျှသော အကြံအစည်တို့နဲ့ တိုက်ခိုက်ပေမယ့် မင်းသားကအနေနိမ့်လေရဲ့။ မင်းသားလည်း တဖြည်းဖြည်းနဲ့ ဘီလူးကြီးရဲ့ ဖမ်းဆီးခြင်းခံလိုက်ရတော့တယ်။

"ဟယ် ... ဘီလူးမိုက် သင်ဟာ တခြားလူကို ရန်မူလို့ ရကောင်းရနိုင်လိမ့်မယ်။ ငါ့ကိုတော့ အောင်နိုင်မှာမဟုတ်ဘူးကွယ့်"

မကြောက်မရွံ့ဖွဲ့သန်စွာနဲ့ ဘီလူးကြီးကိုခုခံတွန်းလှန်ပေမယ့် မင်းသားရဲ့ တစ်ကိုယ်လုံး ဘီလူးကြီးရဲ့ အမွေးတွေမှာ ကပ်ငြိကုန်တာကြောင့် လှုပ်ရှားလို့မရဖြစ်နေတော့တယ်။ လက်မြှောက်အရှုံးပေးရမလိုဖြစ်နေပေမဲ့ လက်မြှောက်အရှုံးမပေး။ ကြောက်နေဟန်လည်းမပြဘဲ ဘီလူးကြီးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နေသတဲ့။ ဘီလူးကြီးကလည်း အံ့ဩနေလေရဲ့။ မကြုံဖူးတဲ့ဖြစ်စဉ်မို့ ဘီလူးကြီးလည်း အကြံအိုက်နေတော့တယ်။

"အသင်မင်းသား အရှုံးပေးတော့မလား"

"ငါဟာ အရှုံးသမားဘယ်တော့မှာမဟုတ်စေရ။ အနိုင်ရသူသာ ဖြစ်စေရမယ်"

"အနိုင်ရရမယ်ဆိုပေမယ့် သင်က ငါ့လက်ထဲရောက်နေပြီ။ သင့်ကို သတ်စားရုံသာရှိတော့တယ်"

"ငါ့ကိုယ်တွင်းမှာ ဝရဇိန်လက်နက်များစွာရှိတယ်။ အသင်က ငါ့ကိုစားပစ်လိုက်မယ်ဆိုရင် ငါ့ကိုယ်တွင်းမှာရှိတဲ့ ဝရဇိန်လက်နက်တွေက အသင်ရဲ့ ဝမ်းတွင်းကလီစာတွေကို အပိုင်းပိုင်းပြတ်အောင် ဖြတ်ပစ်တဲ့အခါ အသင်လည်းသေပွဲဝင်ရမှာပဲလေ"

မင်းသားရဲ့ စကားကြောင့် ဘီလူးကြီးတွေဝေသွားတော့တယ်။ တွေဝေရုံတင်မကတော့ဘဲ မင်းသားရဲ့ ရုံ့တဲ့ဖွဲ့နဲ့ မကြောက်မရွံ့ ပြန်လည်ခုခံတိုက်နေခြင်းဟာ ဒီဝရဇိန်လက်နက်တွေရှိနေလို့သာ ဖြစ်မယ်။ ဒီမင်းသားကို ပြန်လွှတ်ပေးလိုက်တာ အကောင်းဆုံးဖြစ်မယ်။ ငါတော့သေလို့မဖြစ်သေးဘူးလို့တွေးကာ မင်းသားကိုပြန်လွှတ်ပေးလိုက်လေတယ်။

မင်းသားက ဘီလူးလက်ကပြန်လည်လွတ်မြောက်လာပေမယ့် ဘီလူးကို သူ့အသက်သတ်ခြင်းနဲ့ ဝတ်နာက်နာအကြောင်း ပြောဆိုသွန်သင်ရာ ဘီလူးကြီးလည်းအမှန်ကိုသိမြင်ကာ ဝန်ခံလေတယ်။ မင်းသားလည်း ရုံ့စွာဖွဲ့သန်သန်နဲ့ ကြိုးစားမှုကြောင့် အသက်ရှင်သန်ရာ ရရှိပြီး ဘီလူးကြီးကို အမြင်မှန်သိစေလိုက်တဲ့ အောင်မြင်မှုပေါ့ကွယ်။ ။

# ပဝါရိတ်သင့်ခြင်း

ကျွန်တော်တို့အနေဖြင့် "ဆက်လက်လေ့လာထားဖို့လိုသည်မှာ "ပဝါရိတ်သင့်ခြင်း အကြောင်းပင် ဖြစ်သည်။ ဤပဝါရိတ်သင့်မှုမှာ ဆွမ်းစားဆဲရဟန်းများအဖို့ သူတို့ရဟန်းတော်အချင်းချင်းကြောင့်လည်းကောင်း၊ ဆွမ်းလိုက်ဒကာများကြောင့်လည်းကောင်း အမှတ်မထင် သင့်သွားရခြင်း ဖြစ်သည်။

ပဝါရိတ်ဟူသည် ပဝါရိတဟူသော ပါဠိကို ပဝါရိတ်ဟု မြန်မာမှုပြုထားသော သာသနာတော်ဆိုင်ရာ ဝိနည်းအသုံးတစ်ခု ဖြစ်သည်။ အဓိပ္ပာယ်မှာ "ပယ်မြစ်ခြင်း"ဟု အဓိပ္ပာယ်ရသည်။

ရဟန်းများ ဆွမ်းစားနေခိုက် ဆွမ်းလိုက်သူက နှစ်တောင့်ထွာ အတွင်းကနေပြီး ဆွမ်းယူ မယူ မမေးတော့ဘဲ ဆွမ်းကုန်ခါနီး ရဟန်း၏ ပန်းကန်ထဲသို့ ဆွမ်းကို တစ်ခုခုနှင့်ကော်ခပ်လျက် ထည့်ပေးတော့မည်အလုပ်၌ ရဟန်းက "တော်ပြီ၊ တော်ပြီ"ဟု နှုတ်ဖြင့်လည်းကောင်း၊ ခေါင်းခါ လက်ရမ်းအမူအရာဖြင့် "တော်ပြီ" အဓိပ္ပာယ်ကိုပြ၍လည်းကောင်း ပယ်မြစ်ခြင်းဖြစ်သည်။ ထိုသို့ ပယ်လိုက်ပါက ထိုရဟန်းမှာ "ပဝါရိတ်" သင့်လေသည်။

ပဝါရိတ်သင့်ရှိသက်သက်ဖြင့် ထိုရဟန်းမှာ ဘာအာပတ်မှ မသင့်သေးချေ။ ဤဆွမ်းပွဲပြီးသည်အထိ ခဲဖွယ်ဘောဇဉ်များကို ဆက်လက် ဘုဉ်းပေးနိုင်သည်။




သို့သော် ဤဆွမ်းပွဲမှထ၍ အခြားတစ်နေရာ၌မူ ထိုနေ့အဖို့ မွန်းမတည့်မီအတွင်း နောက်ထပ် ခဲဖွယ်ဘောဇဉ်ကို မစားကောင်းတော့ချေ။ အကယ်၍ စားလေက ပါစိတ်အာပတ် သင့်ရလေသည်။

အာပတ်မသင့်အောင် စားလိုပါက "အတိရိတ် ဝိနည်းကံ" ပြုပြီးမှ စားခွင့်ရသည်။ သို့သော် ဤအတိရိတ်ဝိနည်းကံအပိုင်းမှာ ရဟန်းများအပိုင်းဖြစ်သည်။ ကျွန်တော်တို့အပိုင်းက ကျွန်တော်တို့ကြောင့် ဆွမ်းဘုဉ်းပေးနေဆဲရဟန်းများ ပဝါရိတ်မသင့်အောင် ဆွမ်းကပ်တတ်ဖို့သာ ဖြစ်သည်။

အထူးသဖြင့် ဆွမ်းလိုက်သောအခါ ဆွမ်းအလိုရှိသေးလား၊ ဘာလားဘုရားနှင့် မေးပြီးမှ၊ မေးတာတောင် နှစ်တောင့်ထွာ အကွာလောက်မှ မေးပြီး လိုက်သင့်လေသည်။

အချို့ အချို့နေရာများတွင် မမေးမမြန်းဘဲ သဒ္ဓါအားကောင်းကောင်းနှင့် လိုက်ထည့်ပေးနေသဖြင့် ရဟန်းများမှာ ပယ်ရလည်းအခက်၊ မိမိမှာဆွမ်းလည်းဝနေပြီမို့ ယူရလည်းအခက် ဖြစ်နေတတ်သည်။

ထို့ကြောင့် ဝိနည်းကျွမ်းသည့် ပုဂ္ဂိုလ်များတွင် အချို့က "ပြည့်စုံပြီ၊ ပြည့်စုံပြီ"ဟု စကားပရိယာယ်ဖြင့် ပယ်ကြသည်။ အချို့လည်း အနည်းအကျဉ်းမျှ အကပ်ခံ၍ အချို့လည်းဘာမျှ မပြောဘဲ အကပ်ခံ၍ တစ်လုတ်၊ နှစ်လုတ်စားပြီး သို့မဟုတ် လုံးဝမစားဘဲ သည်အတိုင်းထားပြီး ထိုပဝါရိတ်သင့်မှုကို ရှောင်တတ်ကြပေသည်။

ထို့ကြောင့် ဆွမ်းလိုက်သူများ သတိပြုရမည်မှာ ရဟန်းများ ဆွမ်းစားခိုက် နှစ်တောင့်ထွာအကွာလောက်မှ ဆွမ်းယူ၊ မယူမေး၍ ယူမည်ဆိုမှ ဆွမ်းလိုက်သင့်ကြောင်းပင် ဖြစ်သည်။ ။

## ပခုက္ကူဈေးကွက်၌ ပဲစင်းငုံ (အနီ) ဈေးနှုန်းအနည်းငယ်ကျဆင်း

**ပခုက္ကူ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံ (အနီ) သီးနှံများ ဝင်ရောက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ တစ်ရက်လျှင် အိတ်ရေ ၁၀၀ မှ ၃၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဇူလိုင်လ တတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲစင်းငုံ (အနီ) တစ်တင်းလျှင် ငွေကျပ် ၁၄၁၆၀၀ ဖြစ်ကြောင်း၊ ဇူလိုင်လ ဒုတိယပတ်နှင့် တတိယပတ် ဈေးနှုန်းများကို နှိုင်းယှဉ်ပါက ဇူလိုင်လ တတိယပတ်တွင် ပဲစင်းငုံ (အနီ)တစ်တင်းလျှင် ငွေကျပ် ၂၀၀၀ ခန့် ဈေးအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ်သွက်လျက်ရှိပြီး မြန်မာပြည်အောက်ပိုင်းသို့ တင်ပို့၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။



## ပခုက္ကူဒေသထွက် ခရမ်းသီးများ အရောင်းအဝယ်ဖြစ်

**ပခုက္ကူ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ဘောလုံးခုံလေလံကျွန်း၊ မြင်းကျွန်း၊ သဘော်ကုန်း၊ ရွာသာကုန်းစသည့် ကျေးရွာများနှင့် မြစ်ခြေမြို့၊ ကမ္ဘမြို့များတွင် ခရမ်းသီးကို ကိုင်းကျွန်းမြေများ၌ နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။

**အရောင်းအဝယ်ဖြစ်**

စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ခရမ်းသီး အစိမ်းကျားမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ပခုက္ကူမြို့ဒေသထွက် ခရမ်းသီးများမှာ ဇူလိုင်လဆန်းမှ စတင်ထွက်ရှိပြီး လက်ရှိအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဇူလိုင်လ တတိယပတ်တွင် လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀-၃၀၀၀ ဖြင့် ပခုက္ကူဒေသတွင်း၌ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လ ဒုတိယပတ်အတွင်း ခရမ်းစိုက်ခင်းများအတွင်း မြစ်ရေများ ဝင်ရောက်မှုများကြောင့် ဈေးကွက်အတွင်း ခရမ်းသီးဝင်ရောက်မှုနည်းပါး၍ ဈေးကောင်းရရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။





## ကျောက်ဆည်ခရိုင်၏ နွေစပါးရိတ်သိမ်းမှုနှင့် ဈေးနှုန်းဈေးကွက်

**ကျောက်ဆည် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက် ဒေသတစ်ခု ဖြစ်သောကြောင့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး နွေစပါးသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိရာ ခရိုင်အတွင်း နွေစပါး စိုက်ကေအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၆၅၁၉ ဧက စိုက်ပျိုးထားရှိပြီး ဇူလိုင်လ ဒုတိယပတ်အထိ ၄၂၇၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးရာတွင် မျိုးအနေဖြင့် မနောသုခမျိုးနှင့် ရောပဒေသာမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် နွေစပါး တစ်ဧကလျှင် မျိုး၊ စိုက်ပျိုးစရိတ်၊ သွင်းအားစု၊ ရိတ်သိမ်းစရိတ်၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၇၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၈၀-၉၀ ထွက်ရှိပြီး နွေစပါးဈေးနှုန်းများမှာ မနောသုခ တစ်တင်းလျှင် ငွေကျပ် ၂၃၀၀၀ ဖြင့်လည်းကောင်း၊ ရောပဒေသာ တစ်တင်းလျှင် ငွေကျပ် ၂၉၀၀၀ ဖြင့်လည်းကောင်း ဒေသတွင်း၌ ရောင်းဝယ်လျက်ရှိပြီး နွေစပါးစိုက်ပျိုးတောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကြောင်း သိရသည်။

## မုံရွာမြို့နယ်၌ ကွမ်းဈေးကောင်းမွန်ပြီး အရောင်းအဝယ်ဖြစ်

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန် အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာစိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော ကွမ်းဈေးနှုန်းများအနေဖြင့် ကွမ်းအရည်အသွေးအပေါ်မူတည်၍ ကွမ်းရွက်တစ်ပိဿာလျှင် ဇူလိုင်လ ပထမပတ်တွင် ငွေကျပ် ၁၅၀၀ - ၂၀၀၀ ဖြင့်လည်းကောင်း၊ ဒုတိယပတ်တွင် ငွေကျပ် ၂၀၀၀-၃၀၀၀ ဖြင့်လည်းကောင်း၊ တတိယပတ်တွင် ငွေကျပ် ၃၀၀၀-၃၅၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ မိုးရာသီတွင် ချင်းတွင်း မြစ်ရိုးတစ်လျှောက် မြစ်ရေ ဝင်ရောက်မှုကြောင့် ကွမ်းခြံများရှိ ကွမ်းရွက်များကို ခူးဆွတ်နိုင်ခြင်းမရှိသည့်အတွက် ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှု နည်းပါးကာ ဈေးကောင်း ရရှိလာကြောင်း ကွမ်းစိုက် တောင်သူများထံမှ သိရသည်။

## သတင်းရင်းမြစ် - စီးပွား/ကူးသန်း

**၂၄- ၇ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၉၂ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၇၅ | ၁၉၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၀၈၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၂၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၅၀ | ၁၃၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၂၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၄၆၀၀ | ၅၄၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၅၈၆၀ | ၉၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၁၀၀ | ၅၅၀၀ | ၂၃၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၆၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၇၀၀၀ | ၆၃၁၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၂၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၈၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၂၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၁၅၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၆၂၂၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၄၀၀ | ၁၃၂၀၀ | ၇၅၀၀ | ၈၅၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ၆၂၂၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၂၀၀ | ၁၃၄၀၀ | ၈၀၀၀ | ၉၂၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၄၇၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |



## မိုင်းနားကျေးရွာအုပ်စုအတွင်း မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးခဲ့ကြသည့် ပြည်သူများအား ထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၂၄

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူမြို့နယ်တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်စဉ်များပါ ဖြစ်ပွားခဲ့ရာ လူနေအိမ်တချို့ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သဖြင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု မိုင်းနားကျေးရွာအတွင်းရှိ ဧရာဝတီမြစ်ကမ်းဘေးသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး အလားတူဖြစ်ရပ်ဖြစ်စဉ်များမှ ကာကွယ်နိုင်ရေး ရေရှည်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်စဉ်တွင် ပျက်စီးသွားသော နေအိမ်များမှ မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မြစ်ရေတိုက်စားမှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးခဲ့သည့် မိသားစု ၁၈ စု၊ လူဦးရေ ၁၀၉ ဦးတို့အတွက် တန်ဖိုးငွေကျပ် ၁၆၂၉၀၀၀ တန်ဖိုးရှိ တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်းဖြင့် ဆန်အိတ်စုစုပေါင်း ၁၈ အိတ်၊ ခေါက်ဆွဲခြောက် ၁၈ ဖာတို့ကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးမှ ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံး တစ်ပုံးစီဖြင့် စုစုပေါင်း ၁၈ ပုံးကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားနှင့် နေအိမ်များအပြင် ၎င်းတို့၏ မြေနေရာဆုံးရှုံးမှုအပေါ် လိုအပ်ချက်၊ အခက်အခဲများကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါ မြစ်ကမ်းပါးအား ပေ ၄၀၀၀ ကျော်အရှည်ရှိ ကမ်းထိန်းနံရံတည်ဆောက်ပေးနိုင်ရေး ကွင်းဆင်းတိုင်းထွာစစ်ဆေး တွက်ချက်၍ အမြန်ဆုံးတင်ပြဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြစ်ရေကြီးမြင့်မှုဖြစ်စဉ်သည် မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာအထက် ၁၄၀၆ စင်တီမီတာထိ စံချိန်တင် မြင့်တက်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး အလားတူ စံချိန်တင်မြစ်ရေကြီးမြင့်မှု ဖြစ်စဉ်များကို ၁၉၇၉ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၄ ခုနှစ်တွင် တစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ Insulation Oil for Power Transformer များဝယ်ယူရန် တင်ဒါအမှတ်၊ 47(T)/DPTSC (PSD)/2024–2025 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၇–၈–၂၀၂၄)ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇– ၃၄၁၀၂၀၉၊ ၀၆၇– ၃၄၁၀၂၈၂**

### ဝါကဖ်(ဖ်)လှူဒါန်းပြီးကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉–လမ်း၊ အိမ်အမှတ် (၄၄)၊ ပထမ (၂–လွှာ)နေ ဒေါ်မြင့်မြင့်ရီ [၁၂/မဂတ(နိုင်)၀၆၇၄၆၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်ရီ [၁၂/မဂတ(နိုင်)၀၆၇၄၆၃] တရားဝင်အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉–လမ်း၊ အိမ်အမှတ် (၄၄) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၁ B)၊ မြေကွက်အမှတ် (V̲ ၅၂၆)၊ အကျယ်အဝန်း (၂၉'၄")x(၃၈'၆")၊ ဧရိယာ (၀.၀၂၅)ဧက၊ (၁၁၂၉)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၆)ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (အခန်းအပျောက်စနစ်ဖြင့် ဝယ်ယူနေထိုင်သူများမပါ)တို့အား ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၁၄၂)ရှိ "ကာလားဘတ် (စ်) တီစွန်ရှီဂျာမေဗလီ"ဝတ်ကျောင်းတော်သို့ ထာဝရလှူဒါန်းပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**

| | | |
|---|---|---|
| **ဒေါ်နီနီဝင်း(LL.B)** | **ဒေါ်နှင်းဝေလွင်(LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်–၅၁၇၁၈)** | **(စဉ်–၅၄၃၀၅)** | **(စဉ်–၅၅၇၆၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၃၆)၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၈၈၆၀၅၊ ၀၉–၅၀၆၄၉၅၉၊ ၀၉–၇၈၀၀၅၄၀၆၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ နန္ဒင်းကုန်းရပ်ကွက်၊ သုဒဿနလမ်း၊ အမှတ် (M-10)၊ တိုက် (B/002)၊ အကျယ်အဝန်း (၁၄၈၄) စတုရန်းပေရှိ မြေညီထပ်တိုက်ခန်း (၁) ခန်းနှင့်တကွ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေစက် အပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို(၁၁–၄–၂၀၁၄) နေ့စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် စာချုပ်အရ ဒေါ်ဝေဝေတင် (၁၂/တမန (နိုင်) ၀၄၉၃၅၂) က ပိုင်ဆိုင်၍ ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ခင်အေးမာ** (စဉ်–၂၈၇၁) | **မေမီစော** (စဉ်–၁၈၂၆၃) |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| ဖုန်း – ၀၉–၅၁၄၉၃၈၂ | ဖုန်း – ၀၉–၇၉၅၃၉၉၆၃၈ |

**အမှတ်–၅၆၃၊ ပထမထပ်၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ– ၂၂)
### သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၈၁ နှင့် ဆက်နွယ်သည့်
### ၂၀၂၄ ခုနှစ် ၊ တရားမဇာရီမှုအမှတ် – ၇၈

| | | |
|---|---|---|
| ဒေါ်ငွေးငွေး | နှင့် | ၁။ ဦးကြိုင် |
| | | ၂။ ဒေါ်ကျင်လှိုင် |
| | | ၃။ ဦးခင်မောင်သိန်း |
| **တရားနိုင်** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မန္တလေးလမ်း၊ ပထမထပ်၊ အမှတ်– ၁၂ ရပ်နေ (၁) တရားရှုံး ဦးကြိုင်နှင့် (၂)တရားရှုံး ဒေါ်ကျင်လှိုင် (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်၏ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၁၁ ရက်) နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဇင်ခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

**ညအချိန် အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

### ပတ်စ်ပို့ပျောက်

